# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၉ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၇)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့

## ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇူလိုင် ၂၇ရက်တွင် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက လည်းကောင်း၊ ယနေ့တွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြသည်။

**မှတ်ပုံတင်ခွင့်ပြု**

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၃၉)ပါတီရှိရာတွင် ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၁၀)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့၌ အော်တိုအိတ်ချိန်းတာဝါတိုင်ကို ဤသို့ တည်ဆောက်ပေးထားသည်။

# စပါးစိုက်ပျိုး အထွက်တိုးနေသော ဧရာဝတီတိုင်းက ကန်ကြီးထောင့်မြို့နယ်

➢ သတင်းခရီးသည် - သတင်းထောက်ထွန်းဇော် (စမ်းချောင်း)
➢ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်မြင့်အောင် (အလုံ)
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

**ကန်ကြီးထောင့် ဇူလိုင် ၂၈**

ကန်ကြီးထောင့်မြို့နယ်ကား နွေစပါး၊ မိုးစပါး၊ ပဲမျိုးစုံနှင့် တစ်မိုးနှစ်သီး စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်သည်။ စွမ်းအားမြင့်မားသည်။ ပုသိမ်မြို့နယ်၏ အရှေ့ဘက်တွင် ရှိသည်။

**တည်ရှိ**

ကန်ကြီးထောင့်မြို့ ကျယ်ဝန်းမှုမှာ ၁၉၅၁၄၇ဧက၊ စတုရန်းမိုင်အနေဖြင့် ၃၀၄ ဒသမ ၉၂ ဖြစ်သည်။ အရှေ့နှင့်အနောက် ၁၉မိုင်၊ တောင်နှင့်မြောက် ၂၈မိုင်ရှိသည်။ အရှေ့ဘက်တွင် ကျောင်းကုန်းမြို့နယ်၊ အိမ်မဲမြို့နယ်၊ မြောင်းမြမြို့နယ်၊ အနောက်ဘက်တွင် ပုသိမ်မြို့နယ်၊ တောင်ဘက်တွင် ငပုတောမြို့နယ်နှင့် မြောက်ဘက်တွင် သာပေါင်းမြို့နယ်များနှင့် ဆက်စပ်တည်ရှိလျက်ရှိသည်။

**ထွက်ရှိ**

အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးလျက်ရှိသည့် ကန်ကြီးထောင့်မြို့နယ်သည် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကို အလေးထား စိုက်ပျိုးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်က မိုးစပါးစိုက်ပျိုးနိုင်မှု လျာထားချက်မှာ ဧက၁၄၄၉၅၀ဖြစ်ပြီး အမှန်စိုက်ပျိုးနိုင်မှုမှာ ၁၄၅၆၈၈ဧကဖြစ်၍ စိုက်ပျိုးသည့်ဧက ပိုမိုသည့်အတွက် အထွက်နှုန်းပိုခဲ့သည်။ နွေစပါးထွက်ရှိမှုမှာ ၆၉၅၁၂၁၈တင်းနှင့် မိုးစပါး ၁၁၄၆၅၅၄၅တင်းတို့ ထွက်ရှိခဲ့သဖြင့် ဒေသအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ယခုနှစ်အတွက် ပန်းတိုင်အထွက်နှုန်း ရရှိခဲ့ပြီဖြစ်သည်။

**သုံးစွဲ**

စိုက်ပျိုးရာတွင် လယ်ယာသုံးကိရိယာများဖြစ်သော ထွန်စက်ကြီးကိုးစီး၊ လက်တွန်းထွန်စက် ၁၈၉၉စီး၊ ထွန်ထယ်စုံ ၁၀၃၉၆ခု၊ စက်တုံး ၈၅၀၀၊ ခြွေလှေ့စက် ၁၇၈ခုနှင့် ရေစုပ်စက် ၄၅၀၀တို့အပြင် လှည်းအစီး ၁၁၂၀တို့ပါ သုံးစွဲခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၅* ❒

*စာမျက်နှာ ၉ ကော်လံ ၅*

**တစ်မိုးနှစ်သီး စံပြစိုက်ကွက်**

**ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့၌ တစ်မိုးနှစ်သီးစံပြစိုက်ကွက်တွင် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကြီးကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။**



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇူလိုင် ၂၉ ရက်)

# စေတနာကိုအရင်းခံ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် အရေးပါသော လိုအပ်ချက်ဖြစ်သည်။

အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်က ပြုစုပျိုးထောင်ပေးလျက်ရှိရာ နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ အရည်အသွေးပြည့်ဝသူများဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များပီပီ စေတနာအရင်းခံစိတ်ဓာတ်ဖြင့် ပေါင်းစပ်ဆောင်ရွက်ကြပါက လုပ်ငန်းသည် မိမိ၏ စေတနာအကျိုးကြောင့် အောင်မြင်တိုးတက်မည် ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ယဉ်ကျေးသိမ်မွေ့ပြီး စိတ်ထားနူးညံ့ပျော့ပျောင်းကြသည်။ ပင်ကိုစိတ်ဓာတ်သည် ရိုးသားဖြောင့်မတ်သည်။ ယင်းစိတ်ဓာတ်ကို မိမိ၏အလုပ်၌ ပေါင်းစပ်ဆောင်ရွက်ပါက အောင်မြင်မှုရလဒ်ကောင်းများ ရရှိကြမည်ဖြစ်သည်။

ပညာကိုလေ့လာလိုက်စားသော မျိုးဆက်သစ်များသည် မိမိလေ့လာသည့်ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်နေကြရမည် ဖြစ်သည်။ မိမိတတ်မြောက်သည့် ဘာသာရပ်ကိုအသုံးချ၍ နိုင်ငံတော်၏အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်သွားကြရမည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ မှန်ကန်သော စေတနာထားရှိပြီး အတ္တနှင့်ပရကို မျှတစွာဆောင်ရွက်သွားကြပါက မိမိ၏စေတနာမှန်ကန်မှုကြောင့် လုပ်ဆောင်သောအလုပ်တိုင်းသည် အဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးမြောက်မည် ဖြစ်သည်။

ယနေ့မျိုးဆက်သစ်လူငယ်များသည် "အလုပ်ဟူသမျှဂုဏ်ရှိစွ" ဆိုစကားအရ မည်သည့်အလုပ်ကိုမဆို အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ အလုပ်မရွေးဘဲ အသိစိတ်ဓာတ်ပြည့်ဝစွာဖြင့် မိမိဆောင်ရွက်သောအလုပ်ကို စေတနာအရင်းခံဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြပါက မိမိ၏အကျိုးနှင့် နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးအောင်မြင်ကာ ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေရောက်ရှိ အောင်ပန်းဆင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။




## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ သင်တန်းများဖွင့်

## ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၁၀နာရီခွဲက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) (မွမ်းမံ)သင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၄) (မွမ်းမံ)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်း ဆရာ ဆရာမများတက်ရောက်ကြပြီး လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) အဆင့်မြင့်သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ဦး၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) (မွမ်းမံ)သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၆ဦးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၄)(မွမ်းမံ) သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၈ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်၊ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်နည်း မှော်ဘီမြို့နယ်၌ လက်တွေ့စိုက်ပျိုး သရုပ်ပြ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်၍ စိုက်ပျိုးသရုပ်ပြသခြင်းကို မြောင်းတကာကျေးရွာအုပ်စု တောင်သူ ဦးနိုင်ဦး၏ လယ်မြေ၌ ဇူလိုင် ၂၇ရက် နံနက် ၉နာရီက ကျင်းပသည်။

**လက်တွေ့ဆောင်ရွက်**

သရုပ်ပြပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းမှုအဖွဲ့များနှင့် တောင်သူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး၊အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများကို စနစ်တကျ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးထွန်းလွင်က ပျိုးထောင်နည်းစနစ်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောကာ ဝန်ထမ်းများက လက်တွေ့ဆောင်ရွက်ပြသကြသည်။ **(ယာပုံ)** (မြို့နယ် ပြန်/ဆက်)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဆရာတော်ဘဒ္ဒန္တသောဘန** ဟောကြားတော်မူသော တရားတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် အနာဂတ်ကလေးများအတွက် Calsome ကွေကာရဲ့ ပျော်ပွဲရွှင်ပွဲများ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၁)
- ၈:၃၀ Sports World
- ၈:၅၅ Activities in the City အမျိုးသားများတွင် ဖြစ်တတ်သော ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးဟောပြောပွဲ
- ၉:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **လန်းတယ်ဆိုလာထား**
- ၉:၃၅ Science for All (ရုပ်မြင်သံကြားစက်များ ပြောင်းလဲတိုးတက်လာပုံ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
- ၉:၅၅ စိန်ဘုရားများ သီတင်းသုံးရာ ပဒုမ္မာ
- ၁၀:၂၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀:၄၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသန လုပ်ငန်း
- ၁၁:၀၀ Road to Thunder Night Live Show
- ၁၁:၁၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိပ်ပြုလုပ်နည်း)
- ၁၁:၂၅ အောင်မြင်မှုများ ပြန်လည်ရယူဖို့ ကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်
- ၁၁:၄၀ ကျောက်ဆစ်ထွင်းထု ပုံဖော်ပြု အနုမြတ်ပညာ
- ၁၁:၅၀ ဈေးဝယ်လမ်းညွှန် (United Living Mall)
- ၁၂:၃၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၇) (သွေးကင်ဆာ)
- ၁:၀၀ **ဆရာတော်ဘဒ္ဒန္တသောဘန** ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၁)
- ၄:၄၀ စိန်ဘုရားများ သီတင်းသုံးရာ ပဒုမ္မာ
- ၅:၀၅ Activities in the City အမျိုးသားများတွင် ဖြစ်တတ်သော ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးဟောပြောပွဲ
- ၅:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **လန်းတယ်ဆိုလာထား**
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၉:၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင် - တေးသံရှင်ဇော်ပိုင်နှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၁)
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၇) (သွေးကင်ဆာ)
- ၁၀:၂၅ အနုပညာမိုးကောင်းကင်
- ၁၀:၅၀ Road to Thunder Night Live Show
- ၁၁:၀၀ ဈေးဝယ်လမ်းညွှန် (United Living Mall)
- ၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် အနာဂတ်ကလေးများအတွက် Calsome ကွေကာရဲ့ ပျော်ပွဲရွှင်ပွဲများ
- ၁၁:၄၀ **ငါးရစ်မျိုးငါး.... တို့မစား** ဇရာ၊ ခိုင်သင်းကြည် (ဒါရိုက်တာ-ရဲဝင်းနီ)
- ၁၁:၅၀ မွေးရန့် ကုထုံး
- ၁၂:၁၅ ဆွာချောင်းရေလှောင်တမံ
- ၁၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**






သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်တပ်ကုန်း ပလွေးကြိုးဝိုင်းရှိ ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

# ဝန်ကြီး ဦးသိန်းအောင် လက်ဖက် စမ်းသပ်စိုက်ခင်းအောင်မြင်မှု ကြည့်ရှု

## သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲသားများ စနစ်တကျထားရှိမှု စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၂၄ရက် နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်(၉)ရှိ ၂၀၀၇ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀နှင့် နေပြည်တော် တပ်ကုန်း ပလွေးကြိုးဝိုင်း အကွက် အမှတ်(၇၆)ရှိ ၂၀၀၈ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၃၀၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း အကွက်(၃၀)ရှိ ၂၀၀၄ခုနှစ် သီးခြားကျွန်း စိုက်ခင်း ဧက ၃၀၀သို့ ရောက်ရှိလာရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက စိုက်ခင်းများ ထိန်းသိမ်းထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် အမှတ်(၉၅) သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံမှူးနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့၏ စက်ရုံလုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြား၍ စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးမြို့နယ် တည်ပင်ကန်ကျေးရွာရှိ ကျေးလက်အိမ်ရာထူထောင်ရေးစီမံချက် ၂၀၁၀ခုနှစ် တစ်ရွာတစ်ဧက သစ်မာစိုက်ခင်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ငဖဲမြို့နယ် နတ်ရေကန်တောင်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော လက်ဖက်စိုက်ခင်းစီမံကိန်း ဧက၁၀၀၀သို့ ရောက်ရှိသည်။

ထို့နောက် တာဝန်ခံက လက်ဖက်စိုက်ခင်း ဒုတိယနှစ် ဧက ၅၀၀ စိုက်ပျိုးပြီးစီးမှု၊ ပဒါန်းမြို့တွင် လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရန် စီစဉ်ထားရှိမှုနှင့် ဧက ၂၀၀၀ ပြည့်အောင် နှစ်စဉ်ဧက ၅၀၀ တိုးချဲ့ရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ရှင်သန်အောင်မြင်နေသော လက်ဖက်စိုက်ခင်းနှင့် လက်ဖက်ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငဖဲမြို့နယ် နတ်ရေကန်တောင်ရှိ သစ်တောဦးစီးဌာန လက်ဖက် စမ်းသပ်စိုက်ခင်းတစ်ဧကနှင့် လမ်းဘေးဝဲယာ ကျွန်းအပင်၃၀၀၀ တစ်အုပ်တစ်မ စိုက်ခင်းသို့ ရောက်ရှိလာရာ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်နှင့် တာဝန်ရှိသူတို့က စမ်းသပ်စိုက်ခင်း အောင်မြင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

### စနစ်တကျထားရှိ

ဆက်လက်၍ ငဖဲမြို့နယ် အမှတ်(၂၅) သစ်စက်(ပဒါန်း)သို့ ရောက်ရှိလာရာ စက်ရုံမှူးနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့၏ စက်ရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်အပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ငဖဲမြို့နယ် မင်းဘူးသစ်ထုတ်ရေးဒေသ ပဒါန်းသစ်ဆိပ်သို့ ရောက်ရှိရာ ဒေသမန်နေဂျာက သစ်ဆိပ်တွင် သစ်လုံးများ ရောက်ရှိနေမှုနှင့် လာမည့်သစ်ထုတ်ရာသီအတွက် သစ်ခုတ်လုံ့ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


* ကျောဖုံးမှ

*ကျန်းမာရေးအတွက် ပိုမို အကျိုးရှိစေကြောင်း ၄င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။*

လေ့လာ

*အမျိုးသား၊ အမျိုးသမီး ၃၀၈၀၀၀ တို့အား သုတေသနပြုမှု (၁၄၈)ကြိမ် ပြုလုပ်ခဲ့ရာ ကျန်းမာရေးကောင်းမွန်သူ ၅၀ ရာခိုင်နှုန်းမှာ ဆက်ဆံရေး ကောင်းမွန်သူများဖြစ်ကြောင်း တွေ့ရှိရသည်ဟု သုတေသနပြုချက်၌ ဖော်ပြထားသည်။* (အင်တာနက်)




# အသက်မွေးမှုပညာသင်တန်းကျောင်း စက်ပြင်သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ဇူလိုင်၂၇ရက် နံနက်၉နာရီက ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်း ဒက္ခိဏဆောင်၌ကျင်းပသည့် အသက်မွေးမှု ပညာသင်တန်း(စက်ပြင်/အလုပ်ရုံ) သင်တန်း အမှတ်စဉ်(၁၂) စက်ပြင်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လက်တွေ့ သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။ **(အပေါ်ပုံ)**

### အကောင်အထည်ဖော်

ဤသင်တန်းကျောင်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနက ၂၀၀၇ခုနှစ် မတ်၂၁ရက်တွင် အာရှ-ဂျပန်ပေါင်းကူးအဖွဲ့(Bridge Asia Japan)မှတစ်ဆင့် သင်တန်းကျောင်းကို လွှဲပြောင်းလက်ခံ၍ စက်မှု၊ လက်မှု အသက်မွေးပညာလုပ်ငန်းများ ပြန့်ပွားရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းအမှတ်စဉ်(၈)အထိ သင်တန်းသား ၁၁၀နှင့်နည်းပြ မွမ်းမံသင်တန်း သုံးကြိမ်တွင် သင်တန်းသား ၂၃ဦး စုစုပေါင်း၁၃၃ဦး ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၉ခုနှစ် မတ်၁၃ရက်တွင် စစ်တွေမြို့မှ ရန်ကုန်မြို့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းသို့ ပြောင်းရွှေ့ပြီး သင်တန်းများ ဆက်လက် ပို့ချပေးလျက်ရှိရာ အမှတ်စဉ်(၁၁)အထိ နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ် ၆၂ဦးကို စက်ပြင်ပညာရပ်များနှင့် လျှပ်စစ်နှင့် ဂဟေဆက်သင်တန်းများ သင်ကြားပေးနိုင်ကြောင်းသိရသည်။

### သင်ကြားပေးမည်ဖြစ်

ယခုသင်တန်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ္ဍာလီမိတက်တို့မှ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ အထက်တန်းပြီးစီးအောင် သင်ယူနိုင်ခြင်းမရှိသော ဝန်ထမ်းမိသားစုဝင် ၂၅ဦးနှင့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသားလူငယ် ၁၈ဦး စုစုပေါင်း ၄၃ဦးအား သင်တန်းကာလ ရက်သတ္တပတ် ၂၄ ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်ရေးနှင့်သင်ထောက်ကူပစ္စည်းများကို ဝန်ကြီးဌာနက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၈**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် ၇ ကို ဇူလိုင် ၃၀ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၏ The Dudeson In America အစီအစဉ်သစ်နှင့် မကြာမီထွက်ရှိတော့မည့် အမေရိကန်စုံထောက်အက်ရှင်ဇာတ်ကား Salt ကို ပြသပေးမည့် MTV At The Movies အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် Forever Strong, City of Ember, Lava Storm, Three Men And A Baby, Children of The Corn စသည့် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Nat Geo Wild ရုပ်သံလိုင်းတွင် အန္တရာယ်ပေးနိုင်သည့် သားကောင်များအား အနီးကပ်ရိုက်ကူးတင်ဆက်ထားသည့် Dangerous Encounters အစီအစဉ်၊ ဩဂုတ် ၁ရက်တွင် ငှက်ပိတုန်းများ၏ အလျင်မြန်ဆုံးပျံသန်းနိုင်မှုကို ကြည့်ရှုရမည့် Hum ming brids: Magic In The Air အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ခရီးသွားလာခြင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစားအသောက်များအား တင်ဆက်ပြသနေသည့် Lonely Planet Six Degree အစီအစဉ်၊ အီတလီနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများအား ကြည့်ရှုရမည့် Suggs' Italian Job အစီအစဉ်၊ မြန်မာစကားပြော၊ မြန်မာစာတန်းထိုးများဖြင့် ကြည့်ရှုရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် တုန်လှုပ်ချောက်ချားဖွယ် ပြစ်မှုများအား စုံစမ်းဖော်ထုတ်မှုများကို ကြည့်ရှုရမည့် Crimes That Shook The World အစီအစဉ်အကြောင်း၊ မွတ်စလင်ဘာသာဝင်များ ယုံကြည့်ကိုးကွယ်ရာ ဗလီများ၏ ဗိသုကာလက်ရာများအကြောင်း ကြည့်ရှုရမည့် 7 Wonders of The Muslim World အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Chelsea Vs West Bromwich, Tottenham Vs Man City , Liverpool Vs Arsenal, Aston Villa Vs Westham, Bolton Vs Fulham, US Senior Open Championship 2010၊ မြန်မာစာတန်းထိုး၊ မြန်မာစကားပြောများဖြင့် ကြည့်ရှုရမည့် Multi Max ရုပ်သံလိုင်းမှအစီအစဉ်များ၊ 5 Movies, 5 Series, 5 Series 2, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM တွင် နားဆင်ရမည့် ရဲတိုက်နှင့် သျှီတို့၏ ရောက်တတ်ရာရာအစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင် ဩဂုတ် ၁ရက်မှ ၁၀ရက်အထိ ညစဉ် ၇နာရီအချိန်တွင် ထုတ်လွှင့်ပေးမည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ရန်ပုံငွေ ဂီတဖျော်ဖြေပွဲအကြောင်းနှင့် The Champion of Dance အစီအစဉ်အသစ် အကြောင်းများအပါအဝင် ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ်အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြား အစီအစဉ်၏ ၁၅ရက်စာ အစီအစဉ်အချိန်ဇယားများ ပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း**

# ပါကစ္စတန်မြောက်ပိုင်း၌ ခရီးသည်တင်လေယာဉ်ပျက်ကျ

## ခရီးသည်နှင့်ဝန်ထမ်း ၁၅၂ ဦး သေဆုံး

**အစ္စလမ္မာဘတ် ဇူလိုင် ၂၈**

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း စုစုပေါင်း ၁၅၂ ဦးတင်ဆောင် ပျံသန်းလာသော လေယာဉ်တစ်စင်း ဇူလိုင် ၂၈ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ် ပါရှိသူအားလုံးသေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

### ပျက်ကျ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ အစ္စလမ္မာဘတ်မြို့သို့ ခရီးသည် ၁၄၆ ဦးနှင့် လေယာဉ်ဝန်ထမ်း ခြောက်ဦးကိုတင်ဆောင်ပျံသန်းလာသော အေ-၃၂၁ အဲဘတ်စ် လေယာဉ်သည် ကရာချိမြို့ လေဆိပ်မှ ပျံတက်ခဲ့ကြောင်း မကြာမီ လေယာဉ်ထိန်းချုပ်မှု စနစ်ချွတ်ယွင်းပြီး တောင်နှင့်တိုက်မိကာ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။ **(အောက်ပုံ)**

လေယာဉ်ပျက်ကျသည့်နေရာ၌ သေဆုံးသူများ၏ အလောင်းများကိုတွေ့ရှိရပြီး ဒဏ်ရာပြင်းထန်စွာရရှိနေသူများအား ဆေးရုံသို့ တင်ပို့ပေးသော်လည်း သေဆုံးခဲ့ကြောင်း၊ လေယာဉ်အပျက်အစီးများ ရှာဖွေမှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း ၄င်းတို့က ထပ်မံပြောကြားသည်။

### ရှာဖွေ

ခရီးသည် ရုပ်အလောင်းများကို ပျက်ကျခဲ့သည့် မာဂါလာတောင်တန်းအတွင်း ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**



## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၈ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၅၂၆ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၀၆၅၁ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၂၅၂၆ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၀၆၅၁ ဦး |

(အင်တာနက်)

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၂၈

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၈ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၂၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၆၁၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၀၂၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၆၁၄ ဦး |

(အင်တာနက်)

## အီရတ်တွင် ကားဗုံးပေါက်ကွဲ၊ ၂၂ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံတွင် ရှီးယိုက်များ အများဆုံးနေထိုင်ရာ ကမ်ဘာလာမြို့၌ ကားဗုံးပေါက်ကွဲခြင်းကြောင့် အနည်းဆုံး ၂၂ ဦးသေဆုံးပြီး ၆၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

၄င်းကားသည် ဘာသာရေးပွဲတော်သို့သွားသော ခရီးသည်များအား တင်ဆောင်လာသောကားဖြစ်ပြီး ဇူလိုင် ၂၇ရက် ညနေပိုင်းက ပေါက်ကွဲခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ မတ် ၇ရက်က ကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲပြီးဆုံးပြီးနောက် တိုင်းပြည်အား ပုံမှန်အခြေအနေသို့ ရောက်ရှိရန် လေးလကျော်ကြာ လုံခြုံရေး လုပ်ငန်းများ တင်းကျပ်ဆောင်ရွက်နေသည့်ကြားထဲမှ မကြာခဏတိုက်ခိုက်မှုများမှာ ရှိနေဆဲပင်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးဖောက်ခွဲ၍ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒုက္ခကြုံတွေ့ရသူများကို ကဘူးလ်မြို့ ဒုက္ခသည်စခန်း၌ ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)



## အာဖဂန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှု ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၈

အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်တွင် ဇူလိုင် ၂၇ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်စစ်ဘက် အရာရှိများက ပြောကြားသည်။

**သေဆုံး**

အဆိုပါ ဗြိတိသျှတပ်ဖွဲ့ဝင်သည် အမှတ်(၃၆) အင်ဂျင်နီယာတပ်မှဖြစ်ပြီး ထိုသို့သေဆုံးခဲ့မှုသည် အမေရိကန် ဦးဆောင်သောတပ်များက အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၁ ခုနှစ်မှစတင်ကာ တပ်ဖြန့်ချပြီး နောက်ပိုင်း ၃၂၅ ဦးမြောက် သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်လည်း ဖြစ်သည်။

**ပိုမိုတိုက်ခိုက်**

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်းတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ဗုံးခွဲတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများ ပိုမိုပြုလုပ်လာလျက်ရှိရာ သေဆုံး၊ ဒဏ်ရာရရှိသည့် အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ တစ်နေ့တခြား များပြားလာလျက်ရှိသည်။

အာဖဂန်နစ္စတန်တွင် ၂၀၀၁ ခုနှစ်မှစတင်ကာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၁၂၀၇ ဦးရှိခဲ့ပြီး အခြားပြည်ပတပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၄၀၀ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

# အီရတ်-အာဖဂန်သတင်းများ

## အာဖဂန်၌ အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ ၅၂ ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၈

**အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ မကြာသေးမီက အမေရိကန်ဦးဆောင်သော နေတိုးအဖွဲ့က လေကြောင်းမှဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ၅၂ ဦးသေဆုံးကြောင်း၊ သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးငယ်များစွာ ပါဝင်သည်ဟု ဇူလိုင် ၂၇ရက်၌ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အတည်ပြုပြောကြားသည်။**

ဟယ်လ်မန့်ပြည်နယ် တောင်ပိုင်း စင်ဂင်မြို့၌ ဇူလိုင် ၂၅ရက် နှောင်းပိုင်းက နေတိုးအဖွဲ့နှင့်စစ်သွေးကြွများ လက်နက်ကြီးများဖြင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ အရပ်သားများ ဘေးလွတ်ရာသို့ ထွက်ပြေးကြရသည်ဟု ဆိုသည်။

အလားတူ အမေရိကန်ဦးဆောင်သော အဖွဲ့က လေကြောင်းမှထပ်မံ ပစ်ခတ်ခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် အရပ်သား သေဆုံးမှုများကို စုံစမ်းစစ်ဆေးမှုပြုရန် အာဖဂန်သမ္မတကာဇိုင်းက အမိန့်ထုတ်ပြန်သည်။

**ဆွေးနွေး**

အာဖဂန်အစိုးရနှင့် အမေရိကန်နိုင်ငံတို့အကြား တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုများနှင့် ပတ်သက်၍ ကဘူးလ်မြို့၌ ဆွေးနွေးမည်ဖြစ်သည်။

**(အင်တာနက်)**



**ဇူလိုင် ၂၈ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှ အမျိုးသမီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်လာသည်ကို တွေ့ရစဉ်။**
(အင်တာနက်ဓာတ်ပုံ)

## ကန်တပ်ဖွဲ့ဝင်များ အာဖဂန်မှ ၂၀၁၁ခုနှစ်တွင် ရုပ်သိမ်းမည်မဟုတ် လုံခြုံရေးတာဝန်ကို အာဖဂန်အား လွှဲပေးခြင်းသာဖြစ်ဟုဆို

*ဒမတ်စကတ် ဇူလိုင် ၂၈*

*အမေရိကန်ပူးတွဲ စစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမိုက်မူလင်၏ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်ခရီးစဉ်မှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။*

***ပြီးဆုံး***

*အမေရိကန်အစိုးရ၏ ဒေသတွင်း စစ်ရေးမဟာဗျူဟာအပေါ် သံသယများ ရှိနေစဉ်ကာလတွင် ဗိုလ်ချုပ်ကြီး မိုက်မူလင်၏ ခရီးစဉ်ပြီးဆုံးသွားခြင်းဖြစ်သည်။*

***ပြောကြား***

*အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၁ ခုနှစ်လယ်တွင် စတင်ရုပ်သိမ်းမည်ဆိုခြင်းမှာ မဟုတ်နိုင်သေးကြောင်း၊ ယင်းဒေသမှ ရုပ်သိမ်းသွားမည့်လက္ခဏာ မရှိကြောင်း၊ အမေရိကန်နှင့် မဟာမိတ်တပ်များက ၂၀၁၁ခုနှစ် ဇူလိုင်လတွင် အာဖဂန်နစ္စတန်၏ လုံခြုံရေးတာဝန်များကို အာဖဂန်အမျိုးသားလုံခြုံရေးတပ်များလက်သို့ စတင်လွှဲပြောင်းပေးခြင်းသာဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး မိုက်မူလင်က အစ္စလမ္မာဘတ်မြို့ သတင်းစာရှင်းလင်းပွဲ၌ ဇူလိုင် ၂၆ရက်က ပြောကြားလိုက်သည်။ (အင်တာနက်)*



## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### ဂျပန်၌ လေယာဉ်ငယ်တစ်စင်း ပျံသန်းစဉ်ပျောက်ဆုံး

*ဂျပန်နိုင်ငံ နီဂါတာမြို့လေဆိပ်မှ ဇူလိုင် ၂၈ရက် နံနက် ၈နာရီ မိနစ်၅၀၌ စတင်ပျံသန်းလာသော လေယာဉ်ငယ်တစ်စင်းသည် အိုကာဒါမာလေဆိပ်သို့ သတ်မှတ်ချိန်အတွင်း ဆိုက်ရောက်လာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း ရှာဖွေမှု ပြုလုပ်လျက်ရှိကြောင်း ဂျပန်လေကြောင်းအရာရှိများက သတင်းထုတ်ပြန်သည်။*

### တရုတ်အရှေ့ပိုင်း၌ စက်ရုံပေါက်ကွဲ

***တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ကျန်စုမြို့၌ ပလတ်စတစ်နှင့် ဓာတုဗေဒ စက်ရုံတစ်ရုံ ဇူလိုင် ၂၈ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။***

### အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှု စင်ကာပူအများဆုံးဖြစ်

*စင်ကာပူနိုင်ငံက အင်ဒိုနီးရှားနိုင်ငံတွင် စီမံကိန်း ၁၅၆ခုအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ၆ဘီလီယံ ရင်းနှီးမြှုပ်နှံထားရာ အင်ဒိုနီးရှား၌ ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်လာကြောင်း အင်ဒိုနီးရှားအရာရှိများက ဇူလိုင် ၂၈ရက်၌ ပြောကြားသည်။*

### ပေါ်တူဂီအလယ်ပိုင်းနှင့် မြောက်ပိုင်း၌ တောမီးလောင်

***ပေါ်တူဂီနိုင်ငံအလယ်ပိုင်း ရီဘောဒီလိုနှင့် မြောက်ပိုင်း ဘီရာဂါပြည်နယ်တို့တွင် ဇူလိုင် ၂၈ရက်က တောမီးများလောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ကျော်က မီးသတ်ယာဉ် ၂၉စီးနှင့် ရဟတ်ယာဉ်များသုံးကာ မီးငြိမ်းသတ်နေကြောင်း ပေါ်တူဂီအရာရှိများက သတင်းထုတ်ပြန်သည်။***

### ဆော်ဒီဘုရင် လေးနိုင်ငံခရီးစတင်

*ဆော်ဒီအာရေဗျနိုင်ငံဘုရင် အဗ္ဗဒူလာဘင်အဗ္ဗဒူလာဇစ်သည် ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်အဖြစ် အီဂျစ်၊ ဆီးရီးယား၊ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံများသို့ ဇူလိုင် ၂၈ရက်မှ စတင်ကာ ထွက်ခွာသွားကြောင်း ဆော်ဒီအရာရှိများက ပြောကြားသည်။*

### ဂျာမနီစားစာခံနှစ်ဦး ပြန်လွတ်လာ

***ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ဂျာမနီကူညီထောက်ပံ့ရေး အလုပ်သမားနှစ်ဦးအား ဒါဖာလက်နက်ကိုင်များက စားစာခံ ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ဇူလိုင် ၂၈ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။***

### အီရန်နှင့် ဗင်ဘာဘွေ တိုက်ရိုက်လေကြောင်းပျံသန်းမည်

*အီရန်နိုင်ငံ တီဟီရန်မြို့နှင့် ဇင်ဘာဘွေနိုင်ငံမြို့ကြီးများသို့ တိုက်ရိုက်လေကြောင်း ပျံသန်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်ကြောင်း အီရန်အရာရှိများက ဇူလိုင် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။*

### ရုရှားသုတေသနသင်္ဘော အာတိတ်သမုဒ္ဒရာသို့ ထွက်ခွာ

***ရုရှားသုတေသနသင်္ဘော အကယ်ဒမစ်ဖီဒိုရော့ဗ်သည် အာတိတ်သမုဒ္ဒရာ၌ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ဇူလိုင် ၂၈ရက်တွင် ထွက်ခွာသွားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။***

### ပါကစ္စတန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

*ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလမ္မာဘတ်မြို့အနီးတွင် ဇူလိုင် ၂၈ရက် နံနက်က တောင်တစ်တောင်နှင့် ဝင်တိုက်မိကာ လေယာဉ်ပျက်ကျခဲ့ကြောင်း ဇူလိုင် ၂၈ရက်က သတင်းထုတ်ပြန်သည်။* ***(အောက်ပုံ)***

***(အင်တာနက်)***






ဇူလိုင် ၂၈ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ဖဖလမ်း (၄ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား) ဘေးချဲ့ထပ်ပိုးလွှာတင် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## သွေးလှူဒါန်းပွဲ
## လမ်းမတော်မြို့နယ်တွင် ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ပဋ္ဌမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို (CMA) ပုညကုသလ ဗဟုကရအသင်းတည်ရာ ရန်ကုန်မြို့ လမ်းမတော်လမ်း အမှတ်၇၅/၇၉တွင် ဇူလိုင် ၂၆ရက် (ဝါဆိုလပြည့်) နံနက် ၈နာရီခွဲကကျင်းပရာ အမျိုးသားသွေးလှူဌာန တာဝန်ခံ ဒေါက်တာ ဒေါ်သီတာအောင်၊ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကူညီပေးကြသည်။ **(ဝဲပုံ)**

**သွေးလှူဒါန်း**

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးလှမြင့်နှင့် တာဝန်ရှိသူတို့က သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ သွေးလှူဒါန်းပွဲတွင် အနယ်နယ်အရပ်ရပ်မှ အမျိုးသားအမျိုးသမီးများ လာရောက်သွေးလှူဒါန်းကြသည်။

**(မြန်မာ့အလင်း)**



## Fuji Xerox ပစ္စည်းများ အရောင်းမြှင့်တင်မည်




**နေပြည်တော် ဇူလိုင် ၂၈**

Concordia Int'l Co.,Ltd. မှ Fuji Xerox အမှတ်တံဆိပ် ကာလာ၊ လေဆာပရင်တာများ၊ ဘက်စုံသုံး Copier များ၊ Toner Cartridge များ အရောင်းမြှင့်တင်ခြင်း အစီအစဉ်ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးများရှိ Concordia Show Room များ၌ ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၇ရက်အထိ ၁၂ရက်တိုင်တိုင် ကျင်းပရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အရောင်းမြှင့်တင်ပွဲတွင် Concordia Co.,Ltd. က Fuji Xerox ပရင်တာ အသုံးပြုနေသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ကာလာလေဆာပရင်တာများ၊ $A_4$ Multifunction ပရင်တာ၊ Mono ၊ Color လေဆာပရင်တာများ၏ Docu Print C525 A/ 2090၊ Docu Print 2428/ 1618/ DP-203A Drum နှင့် Toner Cartridge များ၊ ၄င်း Model များ၏ ဆက်စပ်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည့်အပြင် မြန်မာတစ်နိုင်ငံလုံးရှိ Computer အရောင်းဆိုင်များ၌ Fuji Xerox ပစ္စည်းဝယ်ယူသူများကိုလည်း အထူးလျှော့ဈေးဖြင့် တစ်ပြိုင်နက်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက Concordia Int'l Co., Ltd. ရန်ကုန် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆ နှင့် ၀၉-၈၀၃၁၃၇၃၊ မန္တလေး အမှတ် ၅ မြေညီထပ် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉ ၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃ နှင့် ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ်၁၄၄ သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉ ၄၉၂၀၀၉၄၈၊၀၆၇-၄၂၀၈၁၉နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

### ကတ္တရာခင်း ဆောင်ရွက်

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော နှင်းဆီလမ်းသွယ်(၃) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင်၁၆ရက်က တာဝန်ခံအင်ဂျင်နီယာဦးကျော်ခိုင်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



## အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ယင်းမာပင်မြို့နယ် လည်ငေါက်-ချင်ပြစ်ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးတက်ရောက်

နေပြည်တော် ဇူလိုင် ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၄ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာ၌ ကျင်းပသော လည်ငေါက်-ချင်ပြစ်ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လည်ငေါက်-ချင်ပြစ်ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းဖွင့်ပွဲ အထိမ်းအမှတ်မှန်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ဖွင့်လှစ်ပေး**

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာသို့ ရောက်ရှိကြပြီး လည်ငေါက်-ချင်ပြစ် ကျေးရွာချင်းဆက်လမ်း(ပုလဲမြို့နယ်အပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက လမ်းဖွင့်ပွဲ မှန်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ပုလဲမြို့နယ် ပုထိုးသာကျေးရွာ ယာယီမဏ္ဍပ်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာ အစည်းအဝေးခန်းမ၌ ကျင်းပသော လမ်း၊ တံတားလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်း၊ ရန်ပုံငွေပေးအပ်

ရန်ကုန် ဇူလိုင် ၂၈

ခရမ်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပဥ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ခရမ်းမြို့ ဗဟုသုတစိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဗဟိုအလုပ်အမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို)တို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စာပေညီလာခံကိုယ်စားလှယ်ဖြစ်သူ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေ (ခရမ်းမောင်ကြည်မော်)က စာပေညီလာခံနှင့် ပတ်သက်၍ အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးခင်ဆွေ (ရွှေစွန်ညို)က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရန်ပုံငွေအဖြစ် အလှူငွေများကို ဥက္ကဋ္ဌ ဦးကျော်ဆွေ (ခရမ်းမောင်ကြည်မော်)ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

# လက်တွန်းထွန်စက်ဖြင့် ထွန်ယက်မှုသရုပ်ပြပွဲ သံတွဲမြို့နယ်၌ကျင်းပ

သံတွဲ ဇူလိုင် ၂၈

သံတွဲခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့၏ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်မှုသရုပ်ပြပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက သံတွဲမြို့နယ် ခါပြင်ကျေးရွာရှိ တောင်သူဦးဘချို၏ လယ်မြေ၌ ကျင်းပသည်။

**ကြည့်ရှုဆွေးနွေး**

ရှေးဦးစွာ ဝတ်ဘရားသားကုမ္ပဏီ ကိုယ်စားလှယ် ဦးမြင့်မောင်ထွန်းက လက်တွန်းထွန်စက် ကိုင်တွယ်ထွန်ယက်မှုနှင့်ပတ်သက်၍ လယ်သမားများ သိသင့်သိထိုက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသိုင်းစိန်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဦးခင်မောင်ညွန့်တို့က စက်ဝယ်ယူနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်မှုကို လက်တွေ့ထွန်ယက်ပြသရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တောင်သူများက ကြည့်ရှုအားပေးကြသည်။

**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



# ကလေးအသုံးအဆောင်ပစ္စည်းများ ဈေးရောင်းပွဲတော် ကျင်းပ




ရန်ကုန် ဇူလိုင် ၂၈

City Mart Supermarket (ရန်ကုန်နှင့်မန္တလေး)ဆိုင်ခွဲများ၌ ဇူလိုင် ၂၉ရက်မှ သြဂုတ် ၁၁ရက်အထိ Baby Fair အထူးဈေးရောင်းပွဲနှင့် အထူးအစီအစဉ် ကျင်းပမည် ဖြစ်သည်။

အာဟာရဖြည့်စွက်စာများနှင့် အသုံးအဆောင်ပစ္စည်းများကို စုံလင်စွာ ရောင်းချပေးမည့် City Mart Supermarket ၏ Baby Fair အရောင်းပွဲတော်တွင် Bear Brand, Dumex, S- 26 Promil Gold, Similac, Heinz, Gain IQ, Grow, Nestle အမှတ်တံဆိပ်များ၏ နို့မှုန့်များနှင့်အာဟာရဖြည့်စွက်စာများ၊ Appeton,Champs,Ceelin, Nutroplex, Enervon Kidz အမှတ်တံဆိပ်များ၏ ကလေးအားဆေးများ၊ Biogesic ကလေးအဖျားပျောက်ဆေးတို့ကိုလည်း ရောင်းချပေးသွားမည်ဖြစ်သည်။

**ရောင်းချပေး**

ထို့အပြင် ကလေးငယ်များအတွက် သက်သောင့်သက်သာနှင့် အမြဲသန့်ရှင်းနေရန်အတွက် Huggies, Pampers, Mamypoko အမှတ်တံဆိပ်များ၏ ကလေး ဆီးခံဘောင်းဘီများနှင့် အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့် ကလေးပစ္စည်းများဖြစ်သည့် Babi Mild, Kodomo, Johnson's အမှတ်တံဆိပ်များ၏ ကလေးရေချိုးဆပ်ပြာများ၊ ကလေးသုံးပေါင်ဒါအမျိုးမျိုးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ Camera, Farlin, Nanny အမှတ်တံဆိပ် ကလေးအသုံးအဆောင်ပစ္စည်းများနှင့် ကလေးအဝတ်အထည်များ စသည်တို့ကို တစ်နေရာတည်း၌ အမျိုးအစားအစုံကို အထူးကောင်တာများထားရှိ၍ ရောင်းချပေးသွားမည်ဖြစ်သည်။

သြဂုတ် ၁ရက်နှင့် ၈ရက်တို့တွင် မြေနီကုန်းစင်တာ မြေညီထပ်၏ Promotion Area တွင် ဖျော်ဖြေရေးအစီအစဉ်များကို မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ယုဇနစောမြင့်က ငယ်ရွယ်မိခင် ရှုဆင်ခြင် အစဉ်မှတ်ရန်ကွယ် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ကာ ကလေးပြုစုစောင့်ရှောက်မှုနည်းစနစ်များကို သူနာပြုဆရာမများက လက်တွေ့သရုပ်ပြတင်ဆက်ပေးခြင်းအစီအစဉ်များ စီစဉ်ထားရှိသည်။

**ပံ့ပိုးကူညီ**

City Mart Supermarket ၏ Baby Fair အစီအစဉ်ဖြစ်မြောက်ရန်အတွက် Sponsor များအဖြစ် Nestle, Bear Brand နို့မှုန့်၊ Gain IQ Grow နို့မှုန့်၊ Appeton ကလေးအားဆေး၊ Champs ကလေးအားဆေး၊ Johnson ကလေးအသုံးအဆောင်ပစ္စည်းများ၊ Camera ကလေးအသုံးအဆောင်ပစ္စည်းများ၊ Kodomo ကလေးအသုံးအဆောင်ပစ္စည်းများ၊ Huggies Diaper, Pamper Diaper တို့က အဓိကပံ့ပိုးကူညီထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၇-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ပိဋကတ်ဉာဏ် ကွန့်မြူး ထုးချွန်သည့် ဆရာတော်
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၅ ၅။ မျိုးချစ်တပ်မတော်
၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၄)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၆၅)

**ဇူလိုင် ၁၅ရက်က လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော လသာမြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးဝင်းက မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကွက် ၁၀ရပ်ကွက်မှ ဥက္ကဋ္ဌများအား စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။**
(၁၀၆)



# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပေါင်မြို့နယ်၌ကျင်းပ

ပေါင် ဇူလိုင် ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ရက် နံနက် ၉နာရီက ပေါင်မြို့နယ် ရင်းငြိမ်မြောက် ကျေးရွာအထကကျောင်းဝင်း အတွင်း၌ ကျင်းပသည်။



**စုပေါင်းစိုက်ပျိုး**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ရွှေနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၇၀ တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်းပင် ၂၀၀၊ မဟော်ဂနီ ၈၀၀၊ ယူကလစ် ၇၀၀နှင့် ကံ့ကော် ၁၀၀ စုစုပေါင်းအပင် ၁၈၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**
**(မြို့နယ် ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

တောင်တွင်းကြီး ဇူလိုင် ၂၈

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ဈေးများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ရက်က မြို့မဈေး ရေနုတ်မြောင်းများအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**(မြို့နယ်စည်ပင်)**

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး အမ်းမြို့နယ်ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၁ရက်က အမ်းတပ်နယ် မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အမ်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံအဆောက်အအုံ အခြေအနေနှင့် အသစ်တည် ဆောက်လျက်ရှိသော ဆေးသိုလှောင်ခန်းနှင့် ရုံးခန်းတည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကင်းမြို့နယ် ဘောက်ထော် ပြည်သာယာ ဝန်မင်းလမ်း အမှတ်၄နေ မိဘများဖြစ်ကြသည့် ဦးဖေတင်-ဒေါ်မြရင်အား ရည်စူး၍ ဒေါ်ခင်ခင်ဝင်းက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့်ဒေါက်တာ ဦးလှမြင့်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)



# ပညာရည်ချွန်ဆုနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ဖြူး ဇူလိုင် ၂၈

ပဲခူးတိုင်း ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းသုံးကွန်ပျူတာတစ်စုံနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် နံနက် ၉ နာရီက ဖြူးမြို့စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

**ချီးမြှင့်**

အခမ်းအနားတွင် ဖြူးမြို့နယ်အတွင်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၀တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ထို့နောက် ၂၀၁၀ခုနှစ် နွေရာသီ ကွန်ပျူတာသင်တန်းမှ သင်တန်းသားသင်တန်းသူများလှူဒါန်းသော ကွန်ပျူတာတစ်စုံကို သင်တန်းသား သင်တန်းသူများကိုယ်စား နွေရာသီသင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးက မြို့နယ်ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်သို့ ပေးအပ်လှူဒါန်းပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ အလှူရှင်သုံးဦးက ငွေကျပ် ၄၅ သိန်းတို့ကို ဖြူးမြို့နယ် ပညာသင်ထောက်ပံ့ရေးကော်မတီသို့ ပေးအပ်လှူဒါန်းကြသည်။ **(၀၅၁)**

# Geographic Information Systems (GIS) & Remote Sensing (RS) သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၈

Myanmar Credent Technology မှ Geographic Information Systems (GIS) & Remote Sensing (RS) Certificate Course No.(1/2010)သင်တန်းကို သြဂုတ်၃ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech အဆောင်(၁) အခန်း(၄)ရှိ e-Learning Center ၌ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တိုင်း ညနေ ၅နာရီမှ ၆နာရီခွဲအထိ သင်တန်းသား၂၀ကို သင်ကြားပို့ချမည်ဖြစ်သည်။

**ပေးသွင်း**

သင်တန်းကာလမှာ သြဂုတ် ၃ရက်မှ အောက်တိုဘာ ၇ရက်အထိဖြစ်ကာ စာရွက်စာတမ်းကြေး အပါအဝင် သင်တန်းကြေးကျပ်တစ်သောင်း ပေးသွင်းရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း၊ ကျောင်းသား၊ MCPA အသင်းဝင်များ၊ MES အသင်းဝင်များအား သင်တန်းကြေး ၁၀ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

**ဆက်သွယ်**

သင်တန်းတက်ရောက်လိုသူများသည် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၅ နှင့် ၆၅၂၂၈၆ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

**(သတင်းစဉ်)**



# ရေနုတ်မြောင်းများဆယ်ယူ

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇွန် ၁၁ရက်က ဒုတိယဦးစီးမှူး(သန့်)ဦးခင်မောင်စိုး ဦးဆောင်ပြီး လက်ထောက်အင်ဂျင်နီယာဦးသိန်းထွေး ကြီးကြပ်လျက် သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများ ပူးပေါင်း၍ ရန်ကုန်-မန္တလေးကားလမ်းဘေးတစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၃၀-၇-၂၀၁၀

| | |
|---|---|
| ၇:၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇:၀၅ | တရားတော် **(ဓမ္မသုတ်)** ဓမ္မပူဇာတေးပဒေသာ |
| ၇:၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇:၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈:၀၀ | စံတော်ချိန်+သတင်း |
| ၈:၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈:၃၀ | ပြောပါရစေရှင် (မန်ကျည်းစေ့ကလေးများ) |
| ၈:၃၅ | တေးပဒေသာ |
| ၁၀:၀၀ | သောတရှင်လိုရာတေး |
| ၁၀:၃၀ | သတင်းစာအာဘော် |
| ၁၀:၄၀ | တူယှဉ်သီကြွေး စုံတွဲတေး |
| ၁၁:၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁:၁၀ | နေ့လယ်ခင်း တေးပဒေသာ |
| ၁၁:၃၀ | လေလှိုင်းကြားက ပွဲတင်သံ |
| ၁၁:၄၅ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၂:၀၀ | စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level-24) |
| ၁၂:၃၀ | အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်း) နေ့လယ်ခင်းတေးပဒေသာ |
| ၁၃:၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃:၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၃:၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆:၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆:၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၁၇:၀၀ | Music Talk တေးပဒေသာ |
| ၁၇:၂၅ | သတင်းစာဆောင်းပါး |
| ၁၇:၃၀ | တေးပဒေသာ |
| ၁၈:၀၀ | ညနေခင်းသတင်း |
| ၁၈:၁၀ | လူမှုစာနာပြန်ကြားလွှာ |
| ၁၈:၂၀ | တေးချစ်သူရွေးသီ တေးပန်းချီ |
| ၁၈:၄၅ | နိုင်ငံရေးဦးတည်ချက် တေးပဒေသာ |
| ၁၉:၀၀ | နိုင်ငံတကာသတင်း |
| ၁၉:၁၀ | ညချမ်းချိန်ခါ တေးပဒေသာ |
| ၁၉:၂၅ | ဇာတ်လမ်းပမာနားဆင်စရာ **စိန်လွန်တူးသမားနဲ့ စိန်နှလုံးသားပိုင်ရှင်** |
| ၁၉:၄၅ | တေးပဒေသာ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |
| ၂၀:၂၀ | အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မြင်စိုင်းသားအောင်အောင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ |
| ၂၁:၀၀ | ဆောင်းပါး (ကံလေးမျိုး၏ အကျိုးပေးမှု) |
| ၂၁:၀၅ | ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၂၂:၀၀ | အစီအစဉ်ပြီး၏။ |

# ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပဲခူးတိုင်း ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၄ရက်နှင့် ၂၅ရက်တို့တွင် တောင်ငူမြို့ တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့၊ မြန်မာသမိုင်းကော်မရှင်နှင့် မြန်မာစာအဖွဲ့တို့မှ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ သုတေသီများ တက်ရောက်ကြသည်။

**စတင်ကျင်းပ**

သုတေသန စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၄ရက်က စတင်ကျင်းပရာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သမိုင်းပညာရှင်များနှင့် အခြားဘာသာရပ်ဆိုင်ရာ သုတေသီများက စာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။

**ဖတ်ကြားတင်သွင်း**

သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ အစီအစဉ်များကို ဇူလိုင် ၂၅ရက်တွင် ကျင်းပရာ ရန်ကုန်တက္ကသိုလ်သမိုင်း ပါမောက္ခ(အငြိမ်းစား) ဒေါက်တာကျော်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တက္ကသိုလ်များမှ ဆရာ ဆရာမများက စာတမ်းများ ဖတ်ကြားတင်သွင်းကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

*ရန်ကုန် ဇူလိုင် ၂၈*

*ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၉)တွင် Political Times အထူးအချပ်ပိုအပါအဝင် လမ်းဘေးဈေးသည်များ ဖွံ့ဖြိုးအောင် လမ်းပြဆောင် မျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။*

*ယင်းအပြင် ဆရာမောင်စူးစမ်းရေးသားသည့် မျက်နှာစာသုံးပါးမှ ဝိသေသများ၊ ဆရာမောင်ဝံသရေးသားသည့် ဘယ်သူလဲနဲ့ ဘာလုပ်မလဲ ဘယ်ဟာကြည့်မလဲ၊ ဆရာမောင်သာနုရေးသားသည့် လူလတ်တန်းစားကိုဦးတည်၍ အခြေခံလူထုကိုအပါခေါ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် တွေ့ဆုံခြင်းစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ဂျီအက်စ်အမ်ဖုန်းဈေး ကျဆင်းနေသော်လည်း တရားဝင် အစိုးရသွင်းဈေး ပြောင်းလဲမည်မဟုတ်၊ မင်္ဂလာဈေးမီးဘေးလွတ်အထပ်များ မကြာမီ ပြန်လည်ဖွင့်လှစ်မည်၊ အိမ်အကူလုပ်ပေးမယ်ပြီးရင် လိမ်ပြေးမယ်၊ ပုရိသတွေလည်း သွေးဆုံးကြသည်၊ ရွှေတိဂုံရှိ ဘာသာရေးအသင်းဝင်များ မှတ်ပုံတင်ပြုလုပ်ရမည်၊ မယ်လမင်းပါ တရုတ်နို့မှုန့်များ နယ်စပ်လမ်းကြောင်းမှ ဝင်လာနိုင်သဖြင့် သတိပြုရန်လို၊ တစ်ပတ်တာအတွင်း အခြေခံစားသုံးကုန်ဈေးကွက်သတင်း၊ ပဲအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘညာဏ်နှင့် တွေ့ဆုံခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နန်းဒေးမွန်းဈေးနှင့် ဂုဏ်ပြုညစာစားပွဲ ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ မိုးရာသီနှင့်ကျန်းမာရေး၊ အခုနောက်ပိုင်း လူ့ရှင်တော်လုပ်ရတာ ပိုနှစ်သက်လာတယ် နေတိုးနှင့်တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။*

*အာရှတွင် အနောက်နိုင်ငံများမှာကဲ့သို့ ကြွေးမြီဆိုင်ရာပြဿနာ ပေါ်ပေါက်လာဖွယ်မရှိ၊ ကမ္ဘာကြီးပူနွေးလာစေသော အကျိုးဆက်များအပေါ် စိုးရိမ်ပူပန်သည့်နိုင်ငံကမ္ဘာတွင် နည်းပါးနေသေး၊ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် မိုက္ကရိုဆော့ဖ်ကုမ္ပဏီ ပူးတွဲတည်ထောင်သူက ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ပရဟိတလုပ်ငန်းများသို့ လှူမည်၊ တရုတ်တွင် ရေနံပိုက်လိုင်းနှစ်ခု ပေါက်ကွဲသဖြင့် ဒါလီယန်ဆိပ်ကမ်းမြို့ကို ပိတ်ထားရ၊ အသက်ရာကျော် ဘွားဘွားနှင့် (၃၈)နှစ်အရွယ် ခင်ပွန်းသည်တို့ ချစ်ခြင်းမေတ္တာခိုင်မြဲကြောင်း သက်သေပြ၊ အမျိုးသားများ အသုံးပြု သန္ဓေတားဆေးပေါ်ပြီ၊ တီမောနိုင်ငံအနေဖြင့် အာဆီယံသို့ ဝင်ရောက်ရန် ၂၀၁၂ခုနှစ်အထိ အဆင်မပြေနိုင်သေး၊ ဘူတာရုံသို့ အမြန်ရထားဝင်လာစဉ် သံလမ်းဖြတ်ကူးသည့် ကလေးငယ်အသက်ဘေးမှ သီသီလေးလွတ်ခဲ့ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။* ***(သတင်းစဉ်)***

# နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၈

ဧရာဝတီမြစ်ကူး နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ခုနှစ် ဇူလိုင် ၃၀ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

**မီးနီထွန်းပြသ**

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါမီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

**ထုတ်ပြန်ထား**

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော အမှတ်(၁)ရပ်ကွက် လက်တူးတွင်းတူးဖော် ဆောင်ရွက်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇူလိုင် ၁၉ရက် ညနေ ၅နာရီက ဦးသန်းလွင်သည်ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)၌ ၁၃၃ကိုက်အကွာမှ Titleist-3 ဘောလုံးကို Iron 8 တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီးစိုးဝင်း၊ ဗိုလ်ကြီးအောင်ဇော်ဟိန်း၊ ဦးမျိုးမြင့်၊ ဦးအောင်ကျော်လွင်တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

**(မြို့တော်ဂေါက်ကွင်း)**

# ၂၀၁၀ ရွေးကောက်ပွဲရဲ့ သရုပ်မှန်နဲ့ ပြည်သူ့တာဝန်

## ကျော်မြင့်နိုင်

ဥရောပဒီမိုကရေစီရေးဖြစ်စဉ်နဲ့ ဥရောပဒီမိုကရေစီစံတွေကို ဒီမိုကရေစီရေးတိုင်းတံအဖြစ် အသေဆုပ်ကိုင်ထားတဲ့ ပြည်တွင်းပြည်ပမှ တပ်မတော်အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှ တပ်မတော်ပါဝင်ထမ်းဆောင်ရေးကို အပြင်းအထန် ဆန့်ကျင်နေကြတယ်။

ဒီအခြေခံ ခံယူချက်အမြင်တွေကြောင့် တပ်မတော်အစိုးရ အုပ်ချုပ်ရေးမှ စစ်ဦးစီးချုပ်က ရွေးချယ်စေလွှတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းနဲ့ ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့ကိုယ်စားလှယ် ၇၅ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်နှစ်ရပ် ပူးပေါင်းအုပ်ချုပ်တဲ့ ဒီမိုကရေစီအစိုးရစနစ်အတွက် ရေးဆွဲထားတဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကြာမီ ကျင်းပပေးတော့မည့် ၂၀၁၀ ရွေးကောက်ပွဲတို့ဟာ စစ်အာဏာရှင် သက်ဆိုးရှည်ရေးဖြစ်တယ်လို့ ဝေဖန်ဆန့်ကျင်နေကြပြန်ပါတယ်။

ဒါဟာ ဥရောပဒီမိုကရေစီဖြစ်စဉ်နဲ့ အာရှဒီမိုကရေစီဖြစ်စဉ်တို့ရဲ့ မတူကွဲပြားခြားနားမှုကို သိမြင်နားလည်မှု မရှိခြင်းနှင့် ဒီမိုကရေစီ ပုံတူကူး ဖော်ဆောင်ကျင့်သုံးရေးအမြင်တွေသာ ဖြစ်နေပါတယ်။

ဥရောပ ဒီမိုကရေစီဖြစ်စဉ်မှာ ပဒေသရာဇ်စနစ်အတွင်း သန္ဓေတည် ကြီးထွားလာတဲ့ စျေးကွက်စီးပွားရေးနှင့်အတူ မွေးဖွားလာတဲ့ အမျိုးသားဓနရှင် လူတန်းစားတို့ဟာ စျေးကွက်စီးပွားရေး ပီပြင်တိုးတက်လာသည်နှင့်အမျှ အမျိုးသားဓနရှင်လူတန်းစားဟာလည်း စီးပွားရေး၊ နိုင်ငံရေးတို့မှာ ဩဇာကြီးပြီး ရှေ့ဆောင်မှုကို ရရှိလာခဲ့ကြတယ်။

နောက်ပိုင်းမှာ ပဒေသရာဇ်အုပ်စိုးမှုဟာ တစ်နေ့တခြား တိုးတက်ဖွံ့ဖြိုးလာတဲ့ စျေးကွက်စီးပွားရေးအတွက် အနှောင့်အယှက် အဟန့်အတားကြီး ဖြစ်လာတာကြောင့် အမျိုးသားဓနရှင်လူတန်းစားရဲ့ ခေါင်းဆောင်မှုနဲ့ ပြည်သူတွေက ပဒေသရာဇ် အုပ်စိုးမှုကို တော်လှန်ဖျက်သိမ်းပြီး ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲတည်ဆောက်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်တဲ့အတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ စစ်တပ်က ပါဝင်ပတ်သက်စရာ မလိုခဲ့ပါ။

**အာရှဒီမိုကရေစီဖြစ်စဉ်ဟာ ဥရောပ ဒီမိုကရေစီဖြစ်စဉ်နဲ့ မတူဘဲ အာရှတိုင်းပြည်တွေရဲ့ ပဒေသရာဇ်အုပ်စိုးမှုကို ကိုလိုနီနယ်ချဲ့သမားတွေက စစ်ရေးအရ တိုက်ခိုက်ဖျက်သိမ်းခဲ့သော်လည်း ပဒေသရာဇ်စီးပွားရေးနဲ့ နိုင်ငံရေးစနစ်ကို ပြောင်းလဲမှု မရှိဘဲ ကိုလိုနီအုပ်စိုးမှုအသွင်ဖြင့် ဆက်လက်ထိန်းသိမ်း အုပ်စိုးခြယ်လှယ်ခဲ့ကြတယ်။ လူပြောင်းသော်လည်း မူမပြောင်းခဲ့ပါ။ သို့အတွက် ကိုလိုနီအုပ်စိုးခံတိုင်းပြည်တွေမှာ စျေးကွက်စီးပွားရေး ဖြစ်ပေါ်တိုးတက်ခွင့် မရှိခဲ့ကြသလို အင်အားကြီး ဩဇာညောင်းတဲ့ အမျိုးသားဓနရှင်လူတန်းစား (အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကို ရှေ့ဆောင်နိုင်တဲ့ အမျိုးသား ဓနရှင်လူတန်းစား)ဟာလည်း ပေါ်ပေါက်ခွင့်မရှိခဲ့ကြပါ။**

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့အခါ ကိုလိုနီအုပ်စိုးမှုစနစ်ကို ကမ္ဘာနဲ့အဝန်း ဆန့်ကျင်လာခဲ့ကြတာရယ်၊ ကိုလိုနီအုပ်စိုးသူတွေဟာ ဒုတိယကမ္ဘာစစ်ကြောင့် စီးပွားရေး၊ စစ်ရေးတို့အရ အင်အားနည်းလာခဲ့ကြတာရယ်၊ ကိုလိုနီအုပ်စိုးခံ ပြည်သူတွေရဲ့ ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ လှုပ်ရှားမှုတွေ တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာခဲ့ကြတာရယ်တို့ကြောင့် ကိုလိုနီတိုင်းပြည်တွေကို လက်လွှတ်ကာ လွတ်လပ်ရေးတွေ ပေးလာကြရတယ်။

သို့သော် ကိုလိုနီအုပ်စိုးမှုအောက်က လွတ်လပ်ရေးရလာတဲ့ တိုင်းပြည်တွေဟာ အတိတ်က ကိုလိုနီ အုပ်စိုးခြယ်လှယ် သွေးစုပ်ခံခဲ့ရမှု၊ ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ်တို့ရဲ့ ဒဏ်တွေကြောင့် ပြည်သူတွေ မွဲပြာကျနေကြရတဲ့အတွက် အရင်းရှင်စနစ် တိုက်ဖျက်ရေး၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဆိုတဲ့ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒဩဇာအောက် ကျရောက်ခဲ့ကြရတယ်။ သို့သော် ဆိုရှယ်လစ်စနစ်ရဲ့ အားနည်းချက်တွေကြောင့် ပြည်တွင်းသောင်းကျန်းမှုတွေ၊ လူထုဆူပူအုံကြွမှုတွေ ဖြစ်ခဲ့ကြပြီး တည်ဆဲအစိုးရတွေနဲ့ အာဏာရနိုင်ငံရေးပါတီတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မထိန်းသိမ်းနိုင်ခဲ့ကြလို့ အမျိုးသား တပ်မတော်တွေက နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ကြရတယ်။ ဒီလို အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို တပ်မတော်ကရယူပြီး စျေးကွက်စီးပွားရေးကို ဖော်ဆောင်ခဲ့ကြတယ်။ စျေးကွက်စီးပွားရေး ပီပြင်တိုးတက်မှုနဲ့အတူ အမျိုးသားနိုင်ငံရေးကို ရှေ့ဆောင်နိုင်စွမ်းရှိတဲ့ နိုင်ငံရေးပါတီတွေ ဖြစ်ပေါ်လာတဲ့အခါ စစ်တပ်တွေဟာ စစ်တန်းလျားသို့ ပြန်သွားခဲ့ကြတယ်။

**မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာလည်း လွတ်လပ်ရေးနဲ့ မရှေးမနှောင်းမှာ ဖဆပလအစိုးရဟာ ရန်ကုန်အစိုးရလို့ အခေါ်ခံရလောက်အောင် တစ်တိုင်းပြည်လုံး ရောင်စုံသောင်းကျန်းမှုလက်ထဲ ကျရောက်နေခဲ့ရမှုမှ လွတ်မြောက်ရေးအတွက် စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းကို ဒုတိယဝန်ကြီးချုပ်တာဝန်ပေးပြီး သောင်းကျန်းမှု နှိမ်နင်းခဲ့ရတဲ့ဖြစ်ရပ်-**

**၁၉၅၈ ခုနှစ်မှာ ဖဆပလအတွင်း တည်မြဲသန့်ရှင်း နှစ်ခုကွဲပြီး အချင်းချင်း ပြန်တိုက်ကြတော့မယ့်အခြေအနေကြောင့် တိုင်းပြည်ချောက်ထဲကျရန် လက်တစ်လုံးလောက်သာလိုတော့ချိန်မှာ ဗိုလ်ချုပ်နေဝင်းရှေ့ဆောင် အိမ်စောင့်အစိုးရကို နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ရွေးကောက်ပွဲကျင်းပပေးရေးအတွက် တာဝန်ပေးခဲ့ရတဲ့ဖြစ်ရပ်-**

**၁၉၆၀ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး ၁၉၆၁ခုနှစ်မှာ အနိုင်ရတဲ့ပထစကို အာဏာလွှဲပေးခဲ့သော်လည်း ပထစအတွင်း ဦးဗိုလ်အုပ်စု၊ သခင်အုပ်စုအကွဲကို အခွင့်ကောင်းယူပြီး ရှမ်းစော်ဘွားတွေဟာ ပြည်ထောင်စုထဲမှခွဲထွက်ကာ အမေရိကန်ရှေ့ဆောင် ဆီးတိုးစစ်အုပ်စုနဲ့ ပေါင်းမယ်လုပ်ခဲ့ကြလို့ ၁၉၆၂ခုနှစ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ရတဲ့ဖြစ်ရပ်-**

**၁၉၈၈ လူထုဆူပူအုံကြွမှုကြောင့် မင်းမဲ့တိုင်းပြည်အသွင်ဆိုက်ရောက်သွားတဲ့အတွက် နဝတအစိုးရက နိုင်ငံတော်အာဏာကို ရယူပြီး တိုင်းပြည်နဲ့ပြည်သူတွေကို မင်းမဲ့ဘေးမှ ကယ်တင်ခဲ့ရကာ ပြည်သူတွေမလိုလားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ပြည်သူ့ရဲ့ဆန္ဒမှန်ဖြစ်တဲ့ စျေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့ခြင်းဖြင့် နဝတအစိုးရက ဒီမိုကရေစီတံခါးကို ဖွင့်ပေးခဲ့ရတဲ့ဖြစ်ရပ်တွေဟာ အာရှဒီမိုကရေစီဖြစ်စဉ်ရဲ့ သဘာဝအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ သမိုင်းက တပ်မတော်ကို တာဝန်ပေးခဲ့တဲ့ ဖြစ်ရပ်တွေဖြစ်ခဲ့ပါတယ်။**

၁၉၈၈ လူထုဆူပူအုံကြွမှု ကာလတုန်းက ဒေါက်တာမောင်မောင် အစိုးရအာဏာရလာစဉ်မှာ ဒေါက်တာမောင်မောင် အစိုးရက သုံးလအတွင်း ရွေးကောက်ပွဲလုပ်ပေးမယ်၊ အနိုင်ရတဲ့ ပါတီကို အာဏာလွှဲပေးမယ်လို့ ငြိမ်းချမ်းစွာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် လမ်းဖွင့်လက်ကမ်းပေးခဲ့တယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ၁၉၉၀ခုနှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို ဆန့်ကျင်ငြင်းဆန်နေမှုကြောင့် ဒိတ်အောက်ပျက်ပြယ်သွားခဲ့ရကာ နှစ် ၂၀ ကာလအတွင်း မဲပေးပိုင်ခွင့်ရှိသူ အများအပြား တိုးတက်များပြားလာမှုကြောင့် ရွေးကောက်ပွဲတစ်ခု ထပ်မံကျင်းပပေးရေးဟာ ပြည်သူ့ ရုပ်ဘဝမှ တောင်းဆိုနေမှုဖြစ်လာတယ်။ ဒါကြောင့် ၂၀၁၀ရွေးကောက်ပွဲဟာ ပြည်သူ့ရုပ်ဘဝလိုလားမှုကို အသိအမှတ်ပြုပြီး ဒုတိယအကြိမ် ငြိမ်းချမ်းစွာ ဒီမိုကရေစီဖော်ဆောင်ပေးခြင်းဖြစ်တယ်။ သို့သော် ဒီလိုပြည်သူ့ဆန္ဒနဲ့ ပြည်သူ့ဒီမိုကရေစီရေးကို ဆန့်ကျင်နှောင့်ယှက်နေတဲ့ လုပ်ရပ်တွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍကို တာဝန်ယူနိုင်တဲ့ နိုင်ငံရေး ပါတီမရှိသေးကြောင်းပြနေတဲ့ ဒိဋ္ဌသက်သေတွေ ဖြစ်ပါတယ်။**

**၁၉၈၈ လူထု**
**အသွင် ဆိုက်ရေ**
**နိုင်ငံတော်အာဏာ**
**မင်းမဲ့ဘေးမှ ကယ**
**မြန်မာ့ဆိုရှယ်လစ်**
**ဆန္ဒမှန်ဖြစ်တဲ့**
**ဖွင့်ပေးခဲ့ခြင်းဖြင့်**
**ဖွင့်ပေးခဲ့ရတဲ့ဖြစ်**
**သဘာဝအရ အ**
**ကဏ္ဍမှာ သမိုင်း**
**တွေဖြစ်ခဲ့ပါတယ်။**

သို့သော် ဆူပူအုံကြွမှု၊ လူထုဆူပူ
ကြသူတွေဟာ အမေရိကန်နိုင်ငံ အထ
စတီဗင်ဆိုလာ့ဇ်ရဲ့ ဩဇာပေးမှုကိုလက်
ဖြစ်မည့် ကြားဖြတ်အစိုးရဖွဲ့ပေးရေးတော
မောင်မောင် အစိုးရရဲ့ ကမ်းလှမ်းချက်
ခဲ့ကြတဲ့လုပ်ရပ်-

၁၉၉၀ခုနှစ်မှာ နဝတအစိုးရက ပြ
ဖော်ဆောင်ရေးအတွက် ရွေးကောက်ပွဲ
ကရေစီထုံးစဉ်လာနဲ့အညီ ရွေးကောက်
အထည်ဖော်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ
ကြေညာချက်ဖြင့် ငြိမ်းချမ်းစွာ ဒီမိုက
နိုင်ရေးအတွက် လမ်းဖွင့်ပေးခဲ့သော်လည
မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးဆိုပြီး ဖွ
ရေးဆွဲရေးကို ဆန့်ကျင်ခဲ့ကြတဲ့လုပ်ရပ်-

သက်လည်းသက်ဆိုင်၊ တာဝန်လည
က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို
တွေကြောင့် ၁၉၉၂ခုနှစ်ရောက်တဲ့အခါ
က သက်ဆိုင်သူအားလုံး (NLD အပါ
တွေ့ဆုံဆွေးနွေးပြီး အားလုံးသဘောတူ
၁၉၉၃ခုနှစ် ဇန်နဝါရီလမှာ ဖွဲ့စည်းပုံအ
အမျိုးသားညီလာခံကြီးကို စတင်ကျင်းပ

NLD အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွေ
ပြီး NLD မှ အမျိုးသားညီလာခံကိုယ်
တို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့
ကြာပြီး အခြေခံမူ ၁၀၄ချက်ကို ရရှိ
နိုဝင်ဘာလကျမှ အမျိုးသားညီလာခံမှ
တွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုး
ရေး၊ တွေ့ဆုံဆွေးနွေးရေးကို လက်ခံကို
ဆွေးနွေးရေးကို စာနဲ့ရေးတောင်းဆိုကာ
ချိန်းဆိုချက်အတိုင်း အကြောင်းမပြန်လို့ဆို
အမျိုးသားညီလာခံက ထွက်သွားခဲ့ကြ

ညီလာခံကထွက်သွားပြီး အာဏာ
ကရေစီရမယ်ဆိုတဲ့မှုကို ကိုင်စွဲကာ နဝ
ရင်ဆိုင်ဆန့်ကျင်ရေး၊ အာဏာဖီဆန်ရေ
ပြည်သူတွေမွဲပြာကျမှ လူထုဆူပူအုံကြွမှ
ဆိုတဲ့အမြင်နဲ့ နိုင်ငံတကာမှ စီးပွား

**၁၉၈၈ လူထုဆူပူအုံကြွမှုကြောင့် မင်းမဲ့တိုင်းပြည်အသွင် ဆိုက်ရောက်သွားတဲ့အတွက် နဝတအစိုးရက နိုင်ငံတော်အာဏာကိုရယူပြီး တိုင်းပြည်နဲ့ ပြည်သူတွေကို မင်းမဲ့ဘေးမှ ကယ်တင်ခဲ့ရကာ ပြည်သူတွေမလိုလားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ဖျက်သိမ်းပြီး ပြည်သူရဲ့ ဆန္ဒမှန်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ဖွင့်ပေးခဲ့ခြင်းဖြင့် နဝတအစိုးရက ဒီမိုကရေစီတံခါးကို ဖွင့်ပေးခဲ့ရတဲ့ဖြစ်ရပ်တွေဟာ အာရှဒီမိုကရေစီဖြစ်စဉ်ရဲ့ သဘာဝအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ သမိုင်းကတပ်မတော်ကိုတာဝန်ပေးခဲ့တဲ့ဖြစ်ရပ်တွေဖြစ်ခဲ့ပါတယ်။**

သို့သော် ဆူပူအုံကြွမှု၊ လူထုဆူပူမှုကို ခေါင်းဆောင်နေကြသူတွေဟာ အမေရိကန်နိုင်ငံ အထက်လွှတ်တော်အမတ် စတီဗင်ဆိုလာ့ဇ်ရဲ့ ဩဇာပေးမှုကိုလက်ခံပြီး စင်ပြိုင်အစိုးရဖြစ်မည့် ကြားဖြတ်အစိုးရဖွဲ့ပေးရေးတောင်းဆိုမှုနဲ့ ဒေါက်တာမောင်မောင် အစိုးရရဲ့ ကမ်းလှမ်းချက်ကို ဆန့်ကျင်ငြင်းဆန်ခဲ့ကြတဲ့လုပ်ရပ်–

၁၉၉၀ခုနှစ်မှာ နဝတအစိုးရက ငြိမ်းချမ်းစွာဒီမိုကရေစီဖော်ဆောင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး ဒီမိုကရေစီထုံးစဉ်လာနဲ့အညီ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကြပါလို့ ၁/၉၀ ကြေညာချက်ဖြင့် ငြိမ်းချမ်းစွာ ဒီမိုကရေစီ အသွင်ကူးပြောင်းနိုင်ရေးအတွက် လမ်းဖွင့်ပေးခဲ့သော်လည်း NLD အဖွဲ့ချုပ်က မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ဆန့်ကျင်ခဲ့ကြတဲ့လုပ်ရပ်–

သက်လည်းသက်ဆိုင်၊ တာဝန်လည်းရှိတဲ့ NLD အဖွဲ့ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ငြင်းဆန်နေတဲ့ လုပ်ရပ်တွေကြောင့် ၁၉၉၂ခုနှစ်ရောက်တဲ့အခါ နဝတအစိုးရကိုယ်တိုင်က သက်ဆိုင်သူအားလုံး (NLD အပါအဝင်)နဲ့ ၃ ကြိမ်တိုင်တွေ့ဆုံဆွေးနွေးပြီး အားလုံးသဘောတူလက်ခံခဲ့ကြတဲ့အတွက် ၁၉၉၃ခုနှစ် ဇန်နဝါရီလမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကြီးကို စတင်ကျင်းပခဲ့ရတယ်။

NLD အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်တိုင် ရှေ့ဆောင်ပြီး NLD မှ အမျိုးသားညီလာခံကိုယ်စားလှယ် ၈၆ယောက်တို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြလို့ ၃ နှစ်လောက်ကြာပြီး အခြေခံမူ ၁၀၄ချက်ကို ရရှိပြီးချိန် ၁၉၉၅ခုနှစ် နိုဝင်ဘာလကျမှ အမျိုးသားညီလာခံမှ NLD ကိုယ်စားလှယ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားညီလာခံဆန့်ကျင်ရေး၊ တွေ့ဆုံဆွေးနွေးရေးကို လက်ခံကိုယ်စားပြုပြီး တွေ့ဆုံဆွေးနွေးရေးကို စာနဲ့ရေးတောင်းဆိုကာ သူတို့တောင်းဆိုချက်ကို ချိန်းဆိုချက်အတိုင်း အကြောင်းမပြန်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ အမျိုးသားညီလာခံက ထွက်သွားခဲ့ကြတယ်။

ညီလာခံကထွက်သွားပြီး အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့မူကို ကိုင်စွဲကာ နဝတအစိုးရကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ အာဏာဖီဆန်ရေး၊ စည်းရုံးလှုံ့ဆော်မှု၊ ပြည်သူတွေမွဲပြာကျမှ လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာမယ်ဆိုတဲ့အမြင်နဲ့ နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဖိအားပေးတောင်းဆိုမှုတွေနဲ့ လူထုဆူပူအုံကြွမှုဖြင့် အာဏာရယူနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပြန်တယ်။

**ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီး ၁၉၉၀ခုနှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးကို ဆန့်ကျင်ငြင်းဆန်နေမှုကြောင့် ဒိတ်အောက်ပျက်ပြယ်သွားခဲ့ရကာ နှစ် ၂၀ ကာလအတွင်း မဲပေးပိုင်ခွင့်ရှိသူ အများအပြား တိုးတက်များပြားလာမှုကြောင့် ရွေးကောက်ပွဲတစ်ခု ထပ်မံကျင်းပပေးရေးဟာ ပြည်သူ့ရုပ်ဘဝမှ တောင်းဆိုနေမှုဖြစ်လာတယ်။ ဒါကြောင့် ၂၀၁၀ရွေးကောက်ပွဲဟာ ပြည်သူ့ရုပ်ဘဝလိုလားမှုကို အသိအမှတ်ပြုပြီး ဒုတိယအကြိမ် ငြိမ်းချမ်းစွာ ဒီမိုကရေစီဖော်ဆောင်ပေးခြင်းဖြစ်တယ်။ သို့သော် ဒီလို ပြည်သူ့ဆန္ဒနဲ့ ပြည်သူ့ဒီမိုကရေစီရေးကို ဆန့်ကျင်နှောင့်ယှက်နေတဲ့လုပ်ရပ်တွေဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို တာဝန်ယူနိုင်တဲ့ နိုင်ငံရေးပါတီမရှိသေးကြောင်း ပြနေတဲ့ ဒိဋ္ဌသက်သေတွေ ဖြစ်ပါတယ်။**

**သို့သော် တပ်မတော်အစိုးရဟာ တစ်ဖက်မှာ တိုင်းပြည်ရဲ့အနေအထားအရ စစ်အစိုးရအသွင်ဖြင့် ဆက်လက်အုပ်ချုပ်နေရန် မသင့်တော်တဲ့အနေအထားရယ်၊ ရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရတဲ့ပါတီကို လက်လွှတ်စပယ် အာဏာလွှဲပေးလိုက်ခြင်းအားဖြင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးချိန်နဲ့ မရှေးမနှောင်းရောင်စုံသောင်းကျန်းမှု ဖြစ်ပေါ်ခဲ့တဲ့အနေအထားမျိုးသို့ ပြန်လည်ဆိုက်ရောက်မသွားနိုင်ဖို့ အာမခံချက်မရှိသေးတဲ့ တိုင်းပြည်အနေအထားရယ်တို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်မှ ရွေးချယ်စေလွှတ်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ရာခိုင်နှုန်းနှင့် လူထုကရွေးချယ်တဲ့ လူထုကိုယ်စားလှယ် ၇၅ရာခိုင်နှုန်းတို့ အမျိုးသားနိုင်ငံရေးမှာ ပူးတွဲရှေ့ဆောင်သွားနိုင်ရေး ဆောင်ရွက်တာဖြစ်တယ်လို့ မြင်တယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲတို့ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး ရှေ့ခရီးမှာ ပထမတာထွက်ခြေလှမ်းလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်ကရရှိနေတဲ့ လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့မှ နောက်ပြန်လန်မကျဘဲ ငြိမ်းချမ်းစွာ ဒီမိုကရေစီဖြစ်ပေါ်လာရေးမှာ ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်ရေးဟာ အဓိကဖြစ်တဲ့အတွက် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံးက မပျက်မကွက်မဲပေးကြရေးဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေး လိုလားတဲ့ ပြည်သူတိုင်းရဲ့ တာဝန်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။**

# စိုက်ပျိုးရေးကဏ္ဍစာတမ်းဖတ်ပွဲ ဖွင့်ပွဲကျင်းပ

# ဝန်ကြီး ဦးဌေးဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၈

**မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ စတုတ္ထအကြိမ် စိုက်ပျိုးရေးကဏ္ဍစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ရက် ညနေ ၅နာရီက နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။**

**တက်ရောက်**

အဆိုပါ စိုက်ပျိုးရေးကဏ္ဍ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် ပညာရှင်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားနပ်ရိက္ခာ မလုံလောက်မှုများ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီး သီးနှံရိက္ခာထုတ်လုပ်မှုကို ထိခိုက်နေမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် ဂေဟစနစ် ပျက်ယွင်းမှုများကြောင့် ပိုးမွှားရောဂါနှင့် သီးနှံဖျက် သတ္တဝါများ ရန်မှာလည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်ပေါ်စေသည်ကို ပညာရှင်များ၊ သုတေသီများ သတိပြုမိကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ရှောင်ရှားနိုင်၊ ကျော်လွှားနိုင်မည့် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သုတေသနများ၊ ဒေသအလိုက် သင့်လျော်မည့် သီးနှံပုံစံ သုတေသနများ၊ မျိုးပိုင်းဆိုင်ရာ သုတေသနများ၊ မြေဆီလွှာ ထိန်းသိမ်းပြုပြင်ရေးနှင့် သီးနှံသွင်းအားစုများအား အကျိုးရှိစွာ အသုံးချရေးနှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သုတေသနများကို စနစ်တကျ စီမံချက်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပညာရှင်များနှင့် သုတေသီများအား တိုက်တွန်း ပြောကြားလိုကြောင်း။

**လက်တွေ့အသုံးပြု**

မြန်မာနိုင်ငံသည် သဘာဝ သယံဇာတ အရင်းအမြစ်များနှင့် မျိုးဗီဇ သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အဆိုပါ သယံဇာတများကို ပြုန်းတီးမှုမရှိစေဘဲ စနစ်တကျ စီမံထိန်းသိမ်းပြီး ရေရှည်အသုံးပြုသွားနိုင်ရန်မှာ အလွန်အရေးကြီးလှကြောင်း၊ စိုက်ပျိုးထွက်ရှိလာသည့် ထုတ်ကုန်များကို ရိတ်သိမ်းသည်မှ သိုလှောင်ရောင်းချသည်အထိ လုပ်ငန်းအဆင့်ဆင့်တွင် အလေအလွင့် လျော့နည်းအောင် အထူးအလေးထား သုတေသနပြုပြီး ပညာပေးရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အကျိုးပြု သုတေသနလုပ်ငန်းများသည် အလွန်အရေးပါသည့်အတွက် တွေ့ရှိသည့် သုတေသနရလဒ်များအား တောင်သူလယ်သမားများထံသို့ အရောက်ပို့ပြီး လက်တွေ့အသုံးပြုနိုင်ရန် အလွန်အရေးကြီးကြောင်း။

မိမိတို့၏ အတွေ့အကြုံနှင့် ပညာရပ်များကို တိုင်းပြည်နှင့်လူမျိုးအတွက် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းအောင် အသုံးချ ဆောင်ရွက်ကြိုးပမ်းကြရန်၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရန်နှင့် သုတေသနဖော်ထုတ် တွေ့ရှိချက်များကို တောင်သူလယ်သမားများ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး ပညာပေးမှုလုပ်ငန်းများကိုလည်း လုပ်ငန်းဌာနအသီးသီး သာမက လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းလက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ရာသီဥတုပြောင်းလဲမှုနှင့်အညီ သင့်တော်ကိုက်ညီသော သီးနှံမျိုးများ မျိုးသစ်ပြောင်းလဲထုတ်လုပ်မျိုးပွားရေး၊ တိုးတက်သော သုတေသနတွေ့ရှိချက်များကို တောင်သူလယ်သမားများထံ အလျင်အမြန်ပေးပို့ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းက ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စာတမ်းဖတ်ပွဲကျင်းပသည့် ခန်းမဆောင်ရှေ့၌ ခင်းကျင်းပြသထားသည့် ပိုစတာများကို ကြည့်ရှုအားပေးရာ စာတမ်းရှင်များက ရှင်းလင်းပြောကြားကြသည်။

**ဖတ်ကြား**

အဆိုပါ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၈ရက်နှင့် ၂၉ရက်များတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ နေ့စဉ်နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး စပါး၊ နေကြာ၊ ကြံ၊ ဂုန်လျှော်၊ ပဲပုပ်၊ သရက်နှင့် သီးနှံဆိုင်ရာ စာတမ်းများကို စိုက်ပျိုးရေးသုတေသနမှ ရှစ်စောင်၊ စိုက်ပျိုးရေးတက္ကသိုလ်မှ သုံးစောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သုံးစောင်၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ တစ်စောင် စုစုပေါင်း စာတမ်း ၁၅စောင်ကို ဖတ်ကြားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

**မွေးမြူ**

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ကန်များတူးဖော် မွေးမြူကြရာ တူးဖော်ကန် ၄၄၁ ဒသမ ၄၃ ဧကတွင် ၈ ဒသမ ၉၂ ဧကမှာ ပုစွန်မွေးကန်များဖြစ်ပြီး ကျန်ကန်များတွင် ငါးများမွေးမြူလျက်ရှိသည်။ မြို့နယ်အနေဖြင့် မွေးမြူရေးကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိရာ နွား ၁၄၀၆ ကောင်၊ ကျွဲအကောင် ၉၅၀၊ ကြက် ၅၄၉၂၀၅ ကောင်၊ ဝက် ၃၃၂၉၅ ကောင်၊ ဘဲ အကောင် ၁၂၁၁၀၀၊ သိုးနှင့် ဆိတ် ၃၂၁၅ကောင်ရေတို့ကို မွေးမြူထားပြီးဖြစ်သည်။

**အောင်ချက်တိုး**

ကန်ကြီးထောင့်မြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်းနှင့် မူလတန်းကျောင်း ပေါင်း ၁၅၇ ကျောင်းရှိသည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယခင်နှစ်ထက် အောင်ချက်ရာခိုင်နှုန်း တိုးလာရာ ယခုနှစ်တွင် ၃၂ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ မြို့နယ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ဆက်သွယ်ရေးအနေဖြင့် လက်လှည့်ဖုန်း အလုံး ၃၅၀ အသုံးပြုနေခဲ့ရာမှ မြို့နယ်အဆင့်နှင့်အညီ တာဝါတိုင်နှင့် ကြေးနန်းရုံ တည်ဆောက်နိုင်ခဲ့ပြီး ယခုအခါ အော်တိုအိတ်ချိန်း ဖုန်းအလုံး ၂၀၀ တပ်ဆင် အသုံးပြုနေကြပြီဖြစ်သည်။



**မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးကြည်သိန်းက စပါးစိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းပြောကြားစဉ်။**



**ပဲတောင့်ရှည် စိုက်ခင်း ခြံပိုင်ရှင် ဦးဟံဝင်းမောင်က အောင်မြင်ဖြစ်ထွန်းမှုကို ဝမ်းသာအားရ ရှင်းပြစဉ်။**

**တင်ပို့နိုင်**

ကန်ကြီးထောင့်မြို့နယ်သည် နွေစပါး၊ မိုးစပါးအပြင် တစ်မိုးနှစ်သီး စိုက်ပျိုးအောင်မြင်ခဲ့သဖြင့် ဒေသတွင်းဖူလုံပြီး ပိုလျှံဆန်စပါးများကို ပြည်တွင်းလိုအပ်ဒေသများသို့ တင်ပို့နိုင်ခဲ့သဖြင့် ပန်းတိုင်ရောက် ရာခိုင်နှုန်းပြည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အဖျောက်-အင်းရွာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်မှု

## စွမ်းအင် ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၂၇ရက် နံနက်ပိုင်းက ကုန်းတွင်း / ကမ်းလွန်သဘာဝဓာတ်ငွေ့များ ဖြန့်ခွဲသုံးစွဲနိုင်ရေးအတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အဖျောက်-အင်းရွာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်ကုန်-ပြည် ကားလမ်း မိုင်တိုင်အမှတ် (၅၉)အနီး အဖျောက်-ဥတို-ဥက္ကံအပိုင်း ပိုက်လိုင်းဆက်သွယ်နေမှုများကိုလည်းကောင်း၊ အုတ်ဖိုမြို့နယ် အိုးသည်ကုန်းကျေးရွာအနီး ဥက္ကံ-ကြို့ပင်ကောက်အပိုင်း ပိုက်လိုင်းဟောင်းပြုပြင်ခြင်းနှင့် ဖိအားစမ်းသပ်နေမှုများကိုလည်းကောင်း၊ ပြည်ရေနံမြေ၌ ဇီးကုန်း-ပြည်အပိုင်း ပိုက်လိုင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံရှင်းလင်း ပြသကြသည်။

**ဆွေးနွေးမှာကြား**

မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ယူရီးယား ဓာတ်မြေဩဇာ ထုတ်လုပ်နေမှု၊ အိတ်သွတ်ထုပ်ပိုးနေမှုများကို ရှင်းလင်းပြသကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အောင်လံမြို့နယ် ပျဉ်းပင်လှကျေးရွာသို့ သွားရောက်၍ အဆိုပါကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက အောင်လံ-သရက် ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းအတွက် စက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းနေမှုနှင့် တူးဖော်မည့် နေရာပြင်ဆင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အောင်လံ-သရက် ဧရာဝတီမြစ်ဖြတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းအတွက် စက်ပစ္စည်းများ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

# ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၈

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇူလိုင် ၂၉ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# မြန်မာ့ရုပ်မြင်သံကြား

## အစီအစဉ်

၂၉-၇-၂၀၁၀
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ကြံခင်း-ပခုက္ကူရထားလမ်းပိုင်း၏ အစိတ်အပိုင်းတစ်ခု ဆိပ်ဖြူယောချောင်းက သက်သေပြု
၈း၃၀ ၉။ အကပဒေသာ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ နားဝင်ပီယံ သူ့လက်သံ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ **စပါးကရွှေ ငါးကငွေ**
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ ဂီတသံစဉ်အလှဆင်
၅း၃၅ ၉။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅း၅၀ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၆) ငြိမ်းချမ်း၊ သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ (ဒါရိုက်တာ- အောင်ကျော်သူရ)
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၀)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ အောင်မြင်ပါစေ မြန်မာပြည် (တေးဆို-အယ်လ်လွန်းဝါနှင့်အဖွဲ့၊ တေးရေး-ကိုင်ဇာ သရုပ်ဆောင်- ကောင်းဆက်ထူးနှင့် အဖွဲ့)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၇)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၄)
၂၂။ အစီအစဉ်ပြီး၏။

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌

## ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Parami Foundation၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇူလိုင်၃၁ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအထ္ထာဝါခန်းမ၌ စာရေးဆရာ ကိုကိုလှိုင်(နိုင်ငံတကာရေးရာသုတေသီ)က “ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာနိုင်မည့် အလားအလာများ” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ရန်ကုန်တက္ကသိုလ် (ပင်မ) အပန်းဖြေရိပ်သာ၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းကကျင်းပသည်။

**ဆွတ်ခူး**

တတိယနေရာလုပွဲတွင် မော်လမြိုင်တက္ကသိုလ်က ဘားအံတက္ကသိုလ်ကို အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် ပုသိမ်တက္ကသိုလ်က ဒဂုံတက္ကသိုလ်ကို အနိုင်ရရှိကာ တံခွန်စိုက် ဆုဖလားကြီးကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ (ပညာရေး)

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၇-၂၀၁၀

| | |
|---|---|
| ဝမ်းတွင်းမြို့ | ၆ဒသမ ၂၁လက်မ |
| ဘားအံမြို့ | ၃ဒသမ ၂၃လက်မ |
| ကော့သောင်းမြို့ | ၃ဒသမ ၁၉လက်မ |
| မချမ်းဘောမြို့ | ၁ဒသမ ၈၉လက်မ |
| ကိုကိုးကျွန်းမြို့ | ၁ဒသမ ၅၇လက်မ |
| စစ်ကိုင်းမြို့ | ၁ဒသမ ၄၅လက်မ |

# စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး

## အလုပ်ရုံဆွေးနွေးပွဲ မြောင်းမြနှင့် လပွတ္တာခရိုင်၌ ကျင်းပ

မြောင်းမြ ဇူလိုင် ၂၈

ဧရာဝတီတိုင်း မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်အတွင်း စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ ဒေါက်တာရဲတင်ထွန်းက စိုက်ပျိုးရေးဆိုင်ရာနည်းပညာအကြောင်း ရှင်းလင်းကာ မြောင်းမြခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးစိုးကြာအုံက ခရိုင်အတွင်း စိုက်ပျိုးရေးဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

**တက်ရောက်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြောင်းမြခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာပြန့်ပွားရေးဗဟိုအဖွဲ့ဝင်များ၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့မှ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာ၊ ခြံမန်နေဂျာနှင့် ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၁၀၈ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)



**ဥတုရာသီ**

**တောကိုမှီ၏**

# စစ်ကိုင်းတိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇူလိုင် ၂၈

လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEFတို့ပူးပေါင်း၍ စစ်ကိုင်းတိုင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၁ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စစ်ကိုင်းတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး စစ်ကိုင်းတိုင်းကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမြအောင်၊ လူမှုဝန်ထမ်း ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ ယူနီဆက်ဖ်မှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာများ၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူးက စစ်ကိုင်းတိုင်းအတွင်း ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယူနီဆက်ဖ်မှ တာဝန်ရှိသူများက ယူနီဆက်ဖ် အခန်းကဏ္ဍ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း၊ စစ်ကိုင်းတိုင်းအတွင်း ယူနီဆက်ဖ်နှင့် နိုင်ငံတော်ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ် တာဝန်ပေးအပ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အင်တာတိုက်စစ်မှူး ဘာလော့တယ်လီ မန်စီးတီးအသင်းနှင့် စာချုပ်ရေးနီးစပ်

ထင်ကျော်ထက် - စုစည်းသည်



လန်ဒန် ဇူလိုင် ၂၈

မန်စီးတီးအသင်းသည် စီးရီးအေအသင်း အင်တာမီလန်မှ အသက် ၁၉နှစ်အရွယ်ရှိ တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီအား စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဟု ဆိုသည်။

ဘာလော့တယ်လီအား မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၂၄သန်းခန့်ဖြင့် စာချုပ်ခေါ်ယူရန် သဘောတူညီဖွယ်ရှိသည်။

အီတလီလက်ရွေးစင်အသင်းတွင် ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်လာမည်ဟု ရေပန်းစားနေသည့် ဘာလော့တယ်လီသည် အေစီမီလန်သို့ စတင်ရောက်ရှိခဲ့သည့် ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ပွဲဦးထွက် ပွဲစဉ်မှစတင်ကာ အသင်းအတွက် ပွဲပေါင်း၈၆ပွဲ ပါဝင်ကစားခဲ့ရာတွင် ၂၈ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ (အင်တာနက်)

## အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ် မီလ်နာနှင့် ဆွေးနွေးမှုများပြုလုပ်နေ



လန်ဒန် ဇူလိုင် ၂၈

အက်စ်တွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်သည် ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာ၏ အနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း အသင်းက အတည်ပြု ကြေညာသည်။

အသက် ၂၄နှစ်အရွယ်ရှိ အင်္ဂလန်လက်ရွေးစင်အသင်း ကစားသမား မီလ်နာသည် အသင်းမှထွက်ခွာလိုကြောင်း ၄င်း၏ဆန္ဒကို ဖွင့်ဟပြောကြားခဲ့ပြီးနောက် ၄င်းအား မန်စီးတီးက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းမှ ပြန်လာသူ မီလ်နာသည် ယခုလောလောဆယ်တွင် အသင်းနှင့်အတူ လေ့ကျင့်ကွင်းဆင်းလျက်ရှိပြီး အိုနေးလ်ကလည်း ယင်းကိစ္စကို အပြေအလည်ဆုံးဖြတ်ချက်ချလိုသည်ဟု ဆိုသည်။ ယခုအခါ မီလ်နာသည် ဗီလာအသင်းနှင့်အတူ ပေါ်တူဂီသို့ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်သည်။

(အင်တာနက်)

## စကင်ဒီနေးဗီးယန်း မာစတာဂေါက်သီးရိုက်ပြိုင်ပွဲ ရစ်ချတ်အက်စ်ဂျွန်ဆင် ဆုဖလားဆွတ်ခူး



လန်ဒန် ဇူလိုင် ၂၈

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ကျင်းပသော စကင်ဒီနေးဗီးယန်း မာစတာ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသူ အိမ်ရှင်ဆွီဒင်နိုင်ငံသား ဂေါက်သီးသမား အသက် ၃၃နှစ်ရှိ ရစ်ချတ်အက်စ်ဂျွန်ဆင်သည် နောက်ဆုံးကျင်းတွင် တစ်ချက်လျှော့ရိုက်နိုင်ခဲ့သဖြင့် ဒုတိယနေရာမှ အာဂျင်တီးနားဂေါက်သီးသမား ရာဖေးလ်အီချီနစ်ထက် လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဂျွန်ဆင်သည် ယင်းဗိုလ်လုပွဲတွင် စုစုပေါင်းရိုက်ချက် ၇၁ချက်ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၁ချက်လျှော့ရိုက်ခဲ့သည်။ ယခုဆုဖလားသည် ၄င်းအတွက် သုံးလုံးမြောက် ဆုကြေးစားဆုဖလားဖြစ်ပြီး ၂၀၀၂ခုနှစ်နောက်ပိုင်း၌ ဥရောပတွင် ရရှိသော ပထမဦးဆုံး အောင်မြင်မှုဖြစ်သည်။ (အင်တာနက်)

## စီနီယာ အိုးပင်းဂေါက်သီးဆုဖလား ဂျာမန်ဂေါက်သီးသမား လန်ဂါဆွတ်ခူး



လန်ဒန် ဇူလိုင် ၂၈

စီနီယာ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် အသက် ၅၂နှစ်ရှိ ဂျာမန်ဂေါက်သီးသမား ဘန်းဟတ်ဒ်လန်ဂါသည် သတ်မှတ်ရိုက်ချက်အောက် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၇၂ချက်ဖြင့် ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ယခုဆုဖလားသည် ၄င်း၏ ပထမဦးဆုံး အဓိက ဆုဖလားကြီးဖြစ်ပြီး ဒုတိယနေရာမှ အမေရိကန်ရိုက်ဒါဖလား ဂေါက်သီးအသင်းခေါင်းဆောင် ကိုရေးပါဗင်ထက် လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လန်ဂါသည် ၂၀၀၀ပြည့်နှစ်နောက်ပိုင်း စီနီယာအိုးပင်းဂေါက်သီး ဆုဖလားကို ပထမဦးဆုံးဆွတ်ခူးနိုင်သည့် ဥရောပဂေါက်သီးသမားဖြစ်လာသည်။ ယင်းဆုဖလားကို လန်ဂါဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဂေါက်သီးသမားတို့၏ ရှစ်နှစ်ဆက်တိုက် အောင်ပွဲခံနိုင်ရေးအိပ်မက် ပျက်ပြယ်ခဲ့ရသည်။ ။ (အင်တာနက်)

# ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားများ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၈

ကမ္ဘာ့အားကစားလောက၌ ထင်ပေါ်ကျော်ကြားသော အားကစားသမားများရှိသည်။ အောင်မြင်မှုများရရှိပြီး ဝင်ငွေကောင်းသောအားကစားသမားများကို ဖောဘတ်မဂ္ဂဇင်းက စာရင်းကောက်ယူပြုစုခဲ့သည်။ ဖောဘတ်မဂ္ဂဇင်းက စာရင်းပြုစုခဲ့သည့် ကမ္ဘာပေါ်၌ ဝင်ငွေအကောင်းဆုံး အားကစားသမားအချို့ကို ဖော်ပြလိုက်ပါသည်-



### တိုက်ဂါးဝုဒ်

ကမ္ဘာကျော် ဂေါက်သီးရိုက် အားကစားသမားဖြစ်သည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သား ဖြစ်ပြီး ၁၉၇၅ခုနှစ် ဒီဇင်ဘာ ၃၀ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ အသက် ၃၅နှစ်ရှိသူဖြစ်သည်။ ၂၀၀၆ခုနှစ်က တစ်နှစ်လုံးဂေါက်သီးရိုက်ပြိုင်ပွဲ ၁၅ပွဲကစားခဲ့ပြီး ဆုကြေးငွေ အမေရိကန်ဒေါ်လာ ကိုးသန်းကျော်ရရှိခဲ့သည်။ ၂၀၀၇ခုနှစ်၌ ၁၆ပွဲယှဉ်ပြိုင်ခဲ့ပြီး ဒေါ်လာ ၁၀သန်းကျော်၊ ၂၀၀၈ခုနှစ်က ခြောက်ပွဲဆင်နွှဲခဲ့ပြီး ဒေါ်လာငါးသန်းကျော်၊ ၂၀၀၉ခုနှစ်၌ ၁၇ပွဲယှဉ်ပြိုင်ခဲ့ပြီး ဒေါ်လာ ၁၀သန်းကျော်နှင့် ၂၀၁၀ခုနှစ်၌ ခုနစ်ပွဲပါဝင်ဆင်နွှဲခဲ့ပြီး ဒေါ်လာ ခုနစ်သိန်းကျော် ဆုကြေးငွေများရရှိထားသည်။ ယနေ့ အချိန်အထိ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀၅သန်းခန့် ရရှိထားရာ ကမ္ဘာပေါ်တွင် ဝင်ငွေအကောင်းဆုံး အားကစားသမားအဖြစ် ရပ်တည်နေသည်။



### ဖလွိုက်မေဝဲလ်သာ (ဝယ်သာဝိတ်တန်းချန်ပီယံ)

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ဝဲလ်သာဝိတ်တန်း လက်ရှိချန်ပီယံဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒုတိယဝင်ငွေအကောင်းဆုံး အားကစားသမားလည်းဖြစ်သည်။ မေဝဲလ်သာကို ၁၉၇၇ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်က မွေးဖွားခဲ့ရာ ယခုအသက် ၃၃နှစ်အရွယ်ရှိသည်။

### ဒုတိယဝင်ငွေအကောင်းဆုံး

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ် ဂရင်းရာပက်စ်မြို့၌ မွေးဖွားခဲ့သူဖြစ်သည်။ ယနေ့ အချိန်အထိ လက်ဝှေ့ပွဲပေါင်း ၄၁ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သရေပွဲ၊ ရှုံးပွဲ မရှိဘဲ နိုင်ပွဲအားလုံး ရရှိခဲ့သည်။ စုစုပေါင်း ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၆၅သန်းဖြစ်ရာ ကမ္ဘာပေါ်တွင် ဒုတိယဝင်ငွေအကောင်းဆုံး အားကစားသမားဖြစ်သည်။



### ကိုဘီဘာယန့် (ကမ္ဘာကျော် ဘတ်စကက်ဘောကစားသမား)

ကမ္ဘာကျော် ဘတ်စကက်ဘောကစားသမားဖြစ်သည်။ အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ ၁၉၇၈ခုနှစ် သြဂုတ် ၂၃ရက်တွင် မွေးဖွားခဲ့သူဖြစ်ရာ လက်ရှိ အသက် ၃၂နှစ်ရှိပြီဖြစ်သည်။

### ကမ္ဘာ့အထူးချွန်ဆုံး

အရပ် ခြောက်ပေခွဲမြင့်ပြီး အသက် ၁၃နှစ်အရွယ်မှ ကြေးစား ဘတ်စကက်ဘောကို ကစားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အထူးချွန်ဆုံး ဘတ်စကက်ဘောကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပြီး ကြော်ငြာဝင်ငွေများ အပါအဝင် လက်ရှိအချိန်အထိ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၈ သန်း ဖြစ်သည်။



### ရော်ဂျာဖက်ဒဲယာ (ကမ္ဘာကျော် တင်းနစ်ကစားသမား)

၁၉၈၁ခုနှစ် သြဂုတ် ၈ရက်၌ မွေးဖွားသူဖြစ်ရာ လက်ရှိ အသက် ၂၉နှစ်အရွယ်ရှိသည်။ ကမ္ဘာကျော် တင်းနစ် ကစားသမားဖြစ်ပြီး ဆုကြေးစားပြိုင်ပွဲ၌ ဝင်ငွေအများဆုံးရရှိထားသူ ဖြစ်သည်။

### ဆဋ္ဌမမြောက်ဝင်ငွေ အကောင်းဆုံး

လက်ရှိ အချိန်အထိ ရော်ဂျာဖက်ဒဲယာ၏ စုစုပေါင်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃သန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် ဝင်ငွေ အကောင်းဆုံး အားကစားသမားပင်ဖြစ်သည်။

### ဒေးဗစ်ဘက်ဟမ်း



အင်္ဂလန်ဘောလုံးအသင်း၊ မန်ယူ ဘောလုံးအသင်း၊ ရီးရဲမက်ဒရစ်ဘောလုံးအသင်း ကစားသမားဟောင်းနှင့် မေဂျာလိဂ်ကလပ်၏ ဘောလုံးသမားဖြစ်သည်။ ၁၉၇၅ခုနှစ် မေ ၂ရက်က လန်ဒန်၌ မွေးဖွားခဲ့ခြင်းဖြစ်ပြီး အသက် ၃၅နှစ်အရွယ်ရှိသည်။

### ပဉ္စမမြောက်ဝင်ငွေအကောင်းဆုံး

ဘောလုံးကစားခြင်း၊ ကြော်ငြာဝင်ငွေရရှိခြင်း၊ ပုံရိပ်အသုံးပြုခများ ရရှိခြင်းကြောင့် လက်ရှိအချိန်အထိ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃ဒသမ ၇သန်းဖြစ်သည်။ ကမ္ဘာပေါ်၌ ပဉ္စမမြောက် ဝင်ငွေအကောင်းဆုံး အားကစားသမားတစ်ဦးဖြစ်သည်။

(အင်တာနက်)

# ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

## မာရှေယာနိုအား လီဗာပူးက ထွက်ခွာခွင့်ပြု

*လီဗာပူးအသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား မာရှေယာနိုအား အသင်းက ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

## ဆယ်လ်စီဒိုအား ခေါ်ယူရေး ရှိုင်ဟော့ဂ်ဆန် ကြိုးစားမည်

*လီဗာပူးနည်းပြ ရှိုင်ဟော့ဂ်ဆန်သည် နယ်သာလန်အသင်း ပီအက်စ်ဗွီအင်ဒိုဗန်မှ မက္ကဆီကို လက်ရွေးစင်ကစားသမား ကားလို့စ်ဆယ်လ်စီဒိုအား စာချုပ်ခေါ်ယူရေးအတွက် အရှိန်မြှင့်ကြိုးစားမည်ဖြစ်ကြောင်း၊ ၄င်းအတွက် ပြောင်းရွှေ့ကြေး ပေါင်သုံးသန်း ပေးရဖွယ်ရှိကြောင်း သိရသည်။*

## ဒီဟေအား ခေါ်ယူရန် မန်ယူစုံစမ်းနေ

*မန်ယူအသင်းသည် စတင်းဒတ်လိဂ်အသင်းမှ ဘယ်လ်ဂျီယံလက်ရွေးစင်ကွင်းလယ်ကစားသမား စတီဗင်ဒီဖောအား စာချုပ်ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း၊ ၄င်းအတွက် မန်ယူက ပေါင် ၁၃ သန်းဖြင့် ကမ်းလှမ်းရန် စဉ်းစားချင့်ချိန်နေကြောင်း သိရသည်။*

## ကနေဒါ အိုးပင်းဂေါက်ရိုက်ပြိုင်ပွဲ၌ ပက်တာဆန် လက်ရည်တက်

*ကနေဒါ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအဆင့် ပတ်လည်ပွဲစဉ်တွင် တစ်ဟုန်ထိုး လက်ရည်တက်လာသော ဆွီဒင်ဂေါက်သီးသမား ကားလ်ပက်တာဆန်သည် ကျင်းရှစ်ကျင်းတွင် ခြောက်ချက် လျှော့ရိုက်နိုင်ခဲ့သည်။ ထို့ကြောင့် သတ်မှတ်ရိုက်ချက်အောက် ၁၄ချက် လျှော့ရိုက်ထားသော ပက်တာဆန်သည် ပြိုင်ပွဲကို ဦးဆောင်နေသော အမေရိကန် ဂေါက်သီးသမား ဒီးန်ဝီလ်ဆင်ကို လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ဖြတ်ကျော်ဦးဆောင်ကာ ဆုဖလားဆွတ်ခူးရေး နီးစပ်လာသည်။*

## ဂျွန်အူတာကာအား ခေါ်ယူလိုသူ များပြား

*ပို့စ်မောက်တိုက်စစ်မှူး ဂျွန်အူတာကာအား ဖူလ်ဟမ်၊ ဆန်းဒါးလန်းနှင့် ဘော်လ်တန်တို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြကြောင်း၊ ၄င်းအား ဘွန်ဒက်စ်လီဂါ အသင်းများဖြစ်ကြသည့် ကိုလုံးနှင့်ဘေယာလေဗာကူဆင်တို့ကလည်း စိတ်ဝင်စားနေကြောင်း သိရသည်။*

## အစ္စတန်ဘူလ် အိုးပင်းတင်းနစ်ပွဲစဉ် မိုးကြောင့် ရွှေ့ဆိုင်း

*တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပသော အစ္စတန်ဘူလ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ပထမအဆင့်ပွဲစဉ်တွင် ဗြိတိသျှအဆင့်(၃) တင်းနစ်မယ် အန်နီကီယိုသာဗွန်သည် ကမ္ဘာ့အဆင့်(၈)ရှိ ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံ ဖရန်ဆက်ကာဆရှီယာဗိုနီအား ၄-၀ ဖြင့် အနိုင်ရရှိနေစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။*

## ရာဖေးလ်နှင့် လီဗာ ဘရာဇီးလက်ရွေးစင်များဖြစ်လာ

*ဘရာဇီးနည်းပြသစ် မာနိုမီနီဇက်စ်သည် မန်ယူခံစစ်မှူး ရာဖေးလ်ဒါဆီးလ်ဗားနှင့် လီဗာပူးကွင်းလယ်ကစားသမား လူကက်စ်လီဗာတို့အား ဘရာဇီးလက်ရွေးစင်အသင်းအတွက် ရွေးချယ်လိုက်သည်။*

## မီတာ၁၀၀၀၀ပြိုင်ပွဲနှင့် ဂျိုပါဗေး လွဲချော်ဖွယ်

*ဗြိတိန်နိုင်ငံ ဒေဗွန်မြို့မှ အသက် ၃၆နှစ်ရှိ ဗြိတိသျှ ပြေးခုန်ပစ်မယ် ဂျိုပါဗေးသည် ဒဏ်ရာကြောင့် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဇူလိုင် ၂၇ရက်က စတင် ကျင်းပခဲ့သော ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲ၏ မီတာ ၁၀၀၀၀ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိသည်။*

## အေဂျက်ဇ်မှ ဆွာရက်ဇ်အား စပါးခေါ်ယူလို

*ဟော်လန်အသင်း အေဂျက်ဇ်နှင့် ဥရုဂွေးကစားသမားဖြစ်သည့် ပေါင်သန်း ၃၀တန် တိုက်စစ်မှူး ဆွာရက်ဇ်သည် စပါးအသင်း၏ နွေရာသီဝယ်ယူမည့် ကစားသမား သုံးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်းသိရသည်။ ။ (အင်တာနက်)*

နိုင်ငံတကာသတင်းအက်ဆေး

# ဗဟိုအာဖရိကသမ္မတနိုင်ငံ

တိုး-ရေးသားသည်

ဗဟိုအာဖရိကသမ္မတနိုင်ငံသည် အာဖရိကအလယ်ပိုင်းဒေသ၌ တည်ရှိသည်။ ဤနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်မြောက်ကာ လွတ်လပ်ရေးရပြီးကတည်းက တည်ငြိမ်မှုမရှိခဲ့။ ထို့အပြင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင်ပါရှိနေသည်။




### ဖြတ်သန်းကြုံတွေ့

အာဏာသိမ်းမှု သုံးကြိမ်နှင့်တကွ သူ့ကိုယ်သူ ဧကရာဇ်ဘုရင်တစ်ဆူအဖြစ်ကြေညာသည့် ဂျင်းဘက်ဒဲဘိုကက်ဆာ လက်အောက် ခေတ်ဆိုးခေတ်ကျပ်ကြီးတစ်ခုကိုလည်း ဖြတ်သန်းကြုံတွေ့လာခဲ့ရသည့် နိုင်ငံဖြစ်သည်။

ဤနိုင်ငံအခြေစိုက် ပြင်သစ်ကွန်မန်ဒိုများ၏ အကူအညီဖြင့် ဒေးဗစ်ဒတ်ကို ဦးဆောင်သော အာဏာသိမ်းမှုကြောင့်သာ ၁၉၇၉ ခုနှစ်တွင် ဘိုကက်ဆာခေတ် နိဂုံးချုပ်သွားခဲ့ရသည်။

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဤနေရာ ဤဒေသကို ပြင်သစ်တို့က ၁၈၈၀ ပြည့်လွန်နှစ်များကတည်းက သိမ်းယူခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ပြင်သစ်အီကွေတိုရီယယ် အာဖရိကဖက်ဒရေးရှင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၉၄၆ခုနှစ်တွင် ပြင်သစ်ပါလီမန်၌ ကိုယ်စားလှယ်လွှတ်ခွင့်ရသည်။ လွတ်လပ်ရေးလိုလားသည့် လူမည်းအာဖရိက လူမှုရေး ပြောင်းလဲလှုပ်ရှားမှုအဖွဲ့ (မေဆန်)ကို ထူထောင်သူ ဘာသယ်လဲမီဘိုဂန်ဒါသည် ပြင်သစ်ပါလီမန်သို့ ပထမဆုံးကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရသည်။ ၁၉၅၈ ခုနှစ်တွင် ပြင်သစ်အီကွေတိုရီယယ် အာဖရိကအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် ဘိုဂန်ဒါသည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

### အမည်ပြောင်း

၁၉၅၉ ခုနှစ်တွင် ဘိုဂန်ဒါကွယ်လွန်သဖြင့် ၁၉၆၀ ပြည့်နှစ်တွင် ဤနိုင်ငံလွတ်လပ်ရေးရသည့်အခါ ဘိုဂန်ဒါ၏တူ ဒေးဗစ်ဒတ်ကို သမ္မတဖြစ်လာသည်။ ၁၉၆၄ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပကာ ဒေးဗစ်ဒတ်ကိုအား သမ္မတအဖြစ် တင်မြှောက်သည်။ ၁၉၆၅ ခုနှစ်တွင် စစ်ဦးစီးချုပ်ဘိုကက်ဆာက ဒတ်ကိုအားဖယ်ရှားကာ အာဏာသိမ်းသည်။ ၁၉၇၂ ခုနှစ်တွင် ဘိုကက်ဆာက သူ့ကိုယ်သူရာသက်ပန်သမ္မတအဖြစ် ကြေညာသည်။ ၁၉၇၆ ခုနှစ်တွင် ဘိုကက်ဆာသည် သူ့ကိုယ်သူဘုရင်ဧကရာဇ်အဖြစ် ကြေညာပြီး နိုင်ငံကိုလည်း ဗဟိုအာဖရိကအင်ပါယာဟု အမည်ပြောင်းလိုက်သည်။ ၁၉၇၉ခုနှစ်တွင် ပြင်သစ်တပ်များ၏ အကူအညီကိုယူကာ ဒေးဗစ်ဒတ်ကိုဦးဆောင်သည့် အာဏာသိမ်းမှုဖြစ်ကာ ဘိုကက်ဆာ ရာထူးမှ ဖယ်ပေးလိုက်ရသည်။ ၁၉၈၁ ခုနှစ်တွင် စစ်ဦးစီးချုပ်ကိုလင်းဘာ ဦးဆောင်ပြီး အာဏာသိမ်းပြန်သည်။ ၁၉၉၃ ခုနှစ်တွင် ဖဲလစ်ပက်တာဆီက ရွေးကောက်ပွဲအနိုင်ရကာ သမ္မတဖြစ်လာသဖြင့် ၁၂နှစ်ကြာ စစ်အုပ်ချုပ်ရေး ရပ်သွားသည်။ ၁၉၉၇ခုနှစ်တွင် ပြင်သစ်တပ်ဖွဲ့ဝင်များ စတင် ရုပ်သိမ်းပေးသည်။ အာဖရိကငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များဖြင့် အစားထိုးသည်။

### အနိုင်ရ

၁၉၉၉ ခုနှစ်တွင် ပက်တာဆီ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၀ ပြည့်နှစ်ဒီဇင်ဘာလတွင် ဝန်ထမ်းများ လုပ်ခလစာမရမှုအပေါ် သပိတ်မှောက်သည်။ ၂၀၀၃ခုနှစ်မတ်လတွင် သူပုန်ခေါင်းဆောင် ဖရန်ကွိုင်ဘိုဇစ်က သမ္မတ ပက်တာဆီ မရှိခိုက်မြို့တော်ကိုသိမ်းပြီး ပါလီမန်ကို ဖျက်သိမ်းကာ သူ့ကိုယ်သူ သမ္မတအဖြစ် ကြေညာသည်။ ထို့နောက် ကြားဖြတ်အစိုးရဖွဲ့သည်။ ၂၀၀၅ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဖရန်ကွိုင်ဘိုဇစ် အနိုင်ရသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် အဗ္ဗဒူလာမီစကိုင်း ဦးဆောင်သည့် ပြည်သူ့ဒီမိုကရက်တစ်တပ်ဦး သူပုန်အဖွဲ့နှင့် သမ္မတဘိုဇစ်တို့ လစ်ဗျားနိုင်ငံ၌ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးကြသည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလက လုပ်ခလစာ သုံး၊ လေးလကြာ မရသဖြင့် သပိတ်မှောက်တိုက်ပွဲ ပေါ်ပေါက်သည်။ ပါလီမန်နှင့် အစိုးရအပေါ် အယုံအကြည်မရှိဟု အဆိုမတင်မီ တစ်ရက်အလိုတွင် ဝန်ကြီးချုပ် အဲလီဒုတ်နှင့်အဖွဲ့ နုတ်ထွက်လိုက်ကြသည်။

### ရှုန်းကန်နေရ

အာဏာသိမ်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ လက်ရှိသမ္မတ ဖရန်ကွိုင်ဘိုဇစ်မှာ မငြိမ်မသက်ဖြစ်လာမှုကို မနည်းကြိုးပမ်းထိန်းသိမ်းနေရသည်။ ဆယ်စုနှစ်များနှင့်ချီ၍ မတည်ငြိမ်မှုကြောင့် စီးပွားရေး ထိခိုက်လာသည်။ ပြည်သူများ ဆင်းရဲတွင်း နက်သထက်နက်လာရသည်။ အစိုးရအနေဖြင့် လုပ်ခလစာကိုပင်ပေးနိုင်ရန် မနည်းရုန်းကန်နေရ၏။

နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက် ၂၀၀၃ခုနှစ်ကတည်းက အာဖရိကနိုင်ငံစုံတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားရသည်။ ဆူဒန်နိုင်ငံ၊ ချဒ်နိုင်ငံတို့မှ အကြမ်းဖက်မှုများကြောင့် ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ လာရောက်ခိုလှုံလာကြသည်။ ၂၀၁၀ ဧပြီ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားလိုက်ရသည်။ ဤနိုင်ငံသည် မူလပကတိအတိုင်း မိုးသစ်တောများ ပေါက်ရောက်စည်ပင်သည့်နိုင်ငံဖြစ်သည်။ မြောက်ဝံ၊ တောဆင်ရိုင်းများ သိပ်သည်းစွာ မှီတင်းနေထိုင်သည့်နိုင်ငံဖြစ်ရုံမက လယ်ယာစိုက်ပျိုးရေး ဖြစ်ထွန်းသည့်နိုင်ငံဖြစ်သည့်အပြင် စိန်အပါအဝင် တွင်းထွက်သယံဇာတများ ပေါကြွယ်သည့်နိုင်ငံလည်းဖြစ်သည်။ အမှန်စင်စစ် ဤနိုင်ငံသည် စိန်ခြယ်၍ မြရံနိုင်သော နိုင်ငံဖြစ်သည်။ သို့သော် အဂတိ လိုက်စားမှုများကြောင့် ဆင်းရဲတွင်း နက်သည်ထက် နက်လာရသည်။ ။

ကိုးကား-အင်တာနက်

**ဤနိုင်ငံသည် မူလပကတိအတိုင်း မိုးသစ်တောများ ပေါက်ရောက်စည်ပင်သည့် နိုင်ငံဖြစ်။ မြောက်ဝံ၊ တောဆင်ရိုင်းများ သိပ်သည်းစွာ မှီတင်းနေထိုင်သည့် နိုင်ငံဖြစ်ရုံမက လယ်ယာစိုက်ပျိုးရေး ဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည့်အပြင် စိန်အပါအဝင် တွင်းထွက်သယံဇာတများ ပေါကြွယ်သည့် နိုင်ငံလည်းဖြစ်။**

**နိုင်ငံတကာသတင်းစုစည်းဘာသာပြန်ကြသူများ**

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် ဝင့်မာသွင်

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ ➢ စုစည်းရေးသားသည်

စာမျက်နှာဖွဲ့စည်းမှု ➢ ဝင်းချို (မြန်မာ့အလင်း)

### ကမ္ဘာ့အကြီးဆုံး ဒံပေါက်ချက်လုပ်မှု

*အိုမန်နိုင်ငံ ကာပက်မြို့တွင် စားဖိုမှူးများက စုပေါင်း၍ အချင်း ၁၂ပေ၊ အမြင့် သုံးပေခွဲခန့်ရှိသည့် သတ္တုအိုးကြီးဖြင့် ကြက်သားဒံပေါက် ချက်လုပ်ခဲ့ရာ ယင်းဒံပေါက်သည် စုစုပေါင်း အလေးချိန် ၃၉၄၄၇၅ ဒသမ ၅၆ ပေါင်ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးဒံပေါက်ချက်လုပ်မှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)*
*(အင်တာနက်ဓာတ်ပုံ)*



### ကမ္ဘာ့အကြီးဆုံး လက်ရေးပန်းချီ

*တရုတ်နိုင်ငံ ချန်ချင်းမြို့တွင် မြို့သူမြို့သားများ စုပေါင်း၍ လက်ရေးပန်းချီ စုပေါင်းရေးဆွဲခဲ့ကြရာ ၎င်းလက်ရေးပန်းချီ၏ အရွယ်အစားမှာ ၃၉၉၉၇ ဒသမ ၀၂ စတုရန်းပေရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံး လက်ရေးပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ)*
*(အင်တာနက်ဓာတ်ပုံ)*



### လူဦးရေအများဆုံး ရေလွှာလျှောစီးခြင်း

*ဩစတြေးလျနိုင်ငံ ဆက်ထရာဟမ်မြို့ရှိ မြစ်အတွင်း ရေလွှာလျှောစီးသူ ၁၁၄ဦးတို့က စုပေါင်း၍ ရေယာဉ်တစ်စင်းနောက်မှ စီတန်းကာ တစ်ပြိုင်တည်း ရေလွှာလျှောစီးခဲ့ကြသည်။ ထိုသို့ စုပေါင်းရေလွှာလျှောစီးမှုမှာ ကမ္ဘာပေါ်တွင် ရေလွှာလျှောစီးသူဦးရေအများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)*
*(အင်တာနက်ဓာတ်ပုံ)*



# ကယားပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၈**

ကယားပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ သတ္တပလူကျေးရွာ လမ်းခွဲအနီး၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက အထိမ်းအမှတ်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၁၄ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော သင်ကြားသင်ယူမှု အထောက်အကူပြု စာအုပ်များ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်း၏အကြောင်းကို ရှင်းလင်းတင်ပြကြပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မနုတိုင်းရင်းသား မိသားစုဝင်များ အလှူပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၈**

မနုတိုင်းရင်းသား မိသားစုအသင်း၏ ဒသမအကြိမ် အလှူပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲမှ ၁၁နာရီအထိ ကျင်းပပြီး ရိုးရာမနုထမင်းဟင်းဖြင့် ဧည့်ခံ ကျွေးမွေးမည်ဖြစ်ရာ အလှူပွဲကို မနုတိုင်းရင်းသား မိသားစုဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ကွန်ပျူတာ၊ ကျောင်းသုံးစာအုပ်နှင့် အလှူငွေများ အင်တော အထက၌ ပေးအပ်လှူဒါန်း

**အင်တော ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ကွန်ပျူတာတစ်စုံအား ထပ်ဆင့်လှူဒါန်းပွဲအခမ်းအနားကို အင်တောမြို့ အထက ပန်းပျိုးလက်စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၁ရက်က ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက လှူဒါန်းသော ကွန်ပျူတာတစ်စုံကို ကျောင်းအကျိုးတော်ဆောင် ဦးအောင်ဝင်းသို့ ပေးအပ်သည်။**(အပေါ်ပုံ)**ဆက်လက်၍ အင်တောမြို့ နန်းကုကျေးရွာ မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်နိုင်၊ မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့နှစ်ရှည်စီမံကိန်းမှ တာဝန်ခံ ဦးတင့်နိုင်ထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်တို့က ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက သူငယ်တန်းဖတ်စာအုပ်များနှင့် ရပ်မိရပ်ဖ ဦးချစ်ဆောင်က အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ်၂၀၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း လှိုင်လင်ဖွင့်

**လှိုင်လင် ဇူလိုင် ၂၅**

လှိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ သင်တန်းဖွင့်ပွဲကို ဇွန် ၂၆ရက် နံနက် ၈နာရီက မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ မိုင်းရှူးမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းတိမာနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းတိမာက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်များကို အသီးသီးရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၁၅ဦး တက်ရောက်ကြသည်။

**(၁၉၈)**



**ဇူလိုင် ၃ရက်က ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများနှင့် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဆီဆိုင်မြို့နယ်မှ တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။** (၀၁၅)



# ရေထွက်ပစ္စည်းပို့ကုန်မြှင့်တင်ရေး စစ်တွေမြို့၌ တာဝန်ပေးအပ်

**စစ်တွေ ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ဇူလိုင် ၆ရက် မွန်းလွဲ ၁နာရီက ရေထွက်ပစ္စည်းပို့ကုန်တင်ပို့မှုမြှင့်တင်ရေး တာဝန်ပေးအပ်ပွဲကျင်းပရာ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ စစ်တွေခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်အေးသိန်း၊ စစ်တွေခရိုင်ဦးစီးဌာနမှူး ဦးဦးထွန်းသိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က တာဝန်ပေးအပ်ရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကုမ္ပဏီ ၁၁ခုကို ရေထွက်ပို့ကုန်မြှင့်တင်ရေး တာဝန်ပေးအပ်သည်။ **(အောက်ပုံ)**

**(ပြည်နယ်ငါးလုပ်ငန်းဦးစီး)**



# ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်ခြင်း ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ၌ သရုပ်ပြ

**ယင်းမာပင် ဇူလိုင် ၁၅**

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ငါးမောင်းကျေးရွာ တောင်သူဦးရွှေဝင်း၏ ကွင်း အမှတ် ၈၆၈(ခ)၊ ဦးပိုင်အမှတ်(၃၇) ဧရိယာမြေ တစ်ဧကပေါ်တွင် ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ထားသော ရွှေဘိုပေါ်ဆန်းစပါး ပျိုးပင်များစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများ၊ တောင်သူများ၊ ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများနှင့် စာရေးများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်က ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**စိုက်ပျိုး**

ဆက်လက်ပြီး သရုပ်ပြပွဲသို့ တက်ရောက်လာကြသူများက ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ထားသော စပါးပင်များကို လေ့လာကြသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ၏ ကြီးကြပ်မှုဖြင့် အဆိုပါစပါးပျိုးပင်များကို တောင်သူဦးရွှေဝင်း၏ လယ်ကွင်း၌ စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး သံတွဲမြို့နယ်၌ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများဆောင်ရွက်

**သံတွဲ ဇူလိုင် ၁၇**

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းကို ဇူလိုင် ၁၇ရက် နံနက် ၈နာရီက သံတွဲမြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များနှင့် အခြေခံပညာ စာသင်ကျောင်းများ၌ ပြုလုပ်ရာ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းနှင့် ရေတွင်းရေကန်များသို့ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

**လိုက်လံကြည့်ရှု**

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်အင်ဂျင်နီယာ ဦးသန်းလွင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစံကျော့ခိုင်တို့က လိုက်လံကြည့်ရှု အားပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြို့နယ်သတင်းထွေတလာ



**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဇူလိုင် ၁၅ရက်က ဥမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာရေးလုပ်ငန်းများအနက် မြို့နယ်ခန်းမရှေ့ မြေခင်းအလှဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# သောက်သုံးရေရရှိရေး အလေးထားဆောင်ရွက်

**နမ့်ဆန် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့်အဖွဲ့သည် နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းများကို စစ်ဆေးပြီး သန့်ရှင်းသော သောက်သုံးရေများရရှိရေးအတွက် အလေးထားဆောင်ရွက်ရန် မြို့နယ်အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်အား မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



## ရှင်းလင်းတင်ပြ

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုကို ဇူလိုင် ၁၇ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၃ရက် ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က အရိပ်ရခရေပင်များကို စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်သည် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့အတွင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်သရုပ်ပြ

**မင်းကင်း ဇူလိုင် ၅**

ကလေးခရိုင် မင်းကင်းမြို့နယ် ကျေးနင်းကျေးရွာ၌ ဇွန် ၂၃ရက် နံနက် ၈နာရီက စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ကျင်းပရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဌာနဝန်ထမ်းများနှင့် နယ်မြေခံ တောင်သူများ တက်ရောက်ကြသည်။

**လက်တွေ့စိုက်ပျိုးပြသ**

အခမ်းအနားတွင် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်အကြောင်းကို ခရိုင်စိုက်ပျိုးရေးမန်နေဂျာဦးခင်မောင်ညွန့်က အသိပညာပေး ရှင်းလင်းဟောပြောခဲ့ပြီး ကွင်းအမှတ်(၇၈၀/၁)၊ ဦးပိုင်(၁၂၈/၂) တောင်သူဦးဝင်းဆွေ၏ လယ် ၁ဒသမ၅ဧကတွင် မြို့နယ်မန်နေဂျာ ဦးမျိုးဦးက စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်ကို လက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

(၀၃၃)

## ပွင့်သစ်စ စာကြည့်တိုက်အဆောက်အအုံသစ် မုံရွာမြို့နယ် ဇီးတောကျေးရွာ၌ ပန္နက်တင်

**မုံရွာ ဇွန် ၂၆**

မုံရွာခရိုင် မုံရွာမြို့နယ် ခဝဲကျင်းကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ပွင့်သစ်စ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ဇီးတောကျေးရွာစာကြည့်တိုက်ပိုင် မြေနေရာ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းဆွေ၊ ခဝဲကျင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဆိတ်တင်၊ ဇီးတောကျေးရွာ ဥက္ကဋ္ဌ ဦးချိုနှင့် ဇီးတောကျေးရွာ ပြည်သူများ တက်ရောက်ကြသည်။

**ပန္နက်တင်**

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ပွင့်သစ်စ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေနှင့် ဇီးတောကျေးရွာ ရပ်မိရပ်ဖဦးဌေး**(အပေါ်ပုံ)**တို့က ပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို အလျား ၂၄ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၁ပေ၊ နံကပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြင့် ဆောက်လုပ်မည်ဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

## ကတ္တရာလမ်းသစ်ခင်း

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဇူလိုင် ၁၂ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရတနာသိဒ္ဓိလမ်း ကတ္တရာလမ်းသစ်ခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## ကျိုက်ထိုမြို့နယ်၌ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**ကျိုက်ထို ဇူလိုင် ၁၂**

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ကျိုက္ကသာကျေးရွာဘောလုံးအသင်းနှင့် စစ်တောင်းကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ၌ ကျေးရွာဘောလုံးအသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## ချောင်းဆုံ၌ ပညာပေးဟောပြောပွဲများ ကျင်းပ

**ချောင်းဆုံ ဇူလိုင် ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်းတို့ ပူးပေါင်း၍ ပညာပေးဟောပြောပွဲကို ဇူလိုင် ၆ရက်နှင့် ၉ရက်က မရမ်းနှင့်ဝယ်လမ်း ကျေးရွာများ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါက်တာကြည်ကြည်အေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က လူမှောင်ခိုကုန်ကူးခြင်းဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။

**ဝေငှ**

ဟောပြောပွဲအပြီးတွင် ခြင်ထောင်များ ဆေးစိမ်ခြင်းကိုသရုပ်ပြ၍ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆေးပြားများနှင့် လက်တွေ့ဆောင်ရွက်ရမည့် လက်ကမ်းစာစောင်များကို ဝေငှသည်။

**ဆောင်ရွက်လျက်ရှိ**

အလားတူ သွေးလွန်တုပ်ကွေးပညာပေးအနေဖြင့် ကျေးရွာတိုင်း ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့နယ်လုံးကျွတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ချောက် GTI ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းပွဲကျင်းပမည်

*ရန်ကုန် ဇူလိုင် ၂၈*

*ချောက် GTI ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာ ရတနာဃရမ္မေဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊ ဦးခင်စိုးဖုန်း -၀၉-၅၁၃၆၄၈၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄နှင့် ဦးနိုင်လင်းအောင် ဖုန်း-၀၉-၅၀၅၀၆၇၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။*

*(မြန်မာ့အလင်း)*

## မြို့နယ်သတင်းထွေတလာ

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ရေဦးမြို့နယ်၌ ကျင်းပ

**ရေဦး ဇူလိုင် ၁၅**

ရွှေဘိုခရိုင် ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရေဦးမြို့ အထက (၁) ကံ့ကော်ဆောင်ခန်းမ၌ ဇွန် ၂၆ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်၊ မြို့နယ်တရားသူကြီး ဒေါ်တင်သန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာဒေါ်ခင်စန်းမြင့်တို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ချည်မျှင်ရှည်ဝါ ငွေချည်(၆) စုပေါင်းစိုက်ပျိုး

**ကျွန်းလှ ဇူလိုင် ၂၀**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၆) စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၈နာရီက မကျီးအင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၉၄) တောင်သူဦးတိုက်အောင်၏ယာမြေ၌ ကျင်းပသည်။ **(အောက်ပုံ)**

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ အဖွဲ့ဝင် ဒုတိယရဲမှူး မြင့်သန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းမန်နေဂျာ ဒေါ်မြင့်မြင့်ရီနှင့် ဝန်ထမ်းများ၊ စိုက်ကြပ်တာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာတောင်သူများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**





## ကွင်းဆင်းစစ်ဆေး

**တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာများ ကောင်းမွန်မှုရှိမရှိကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဇူလိုင် ၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

29-7 (17).pmd 1 7/29/2010, 1:25 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

## မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။

## မြန်မာ့အလင်း ကျန်းမာရေးသတင်းသုတ

ကိုသစ္စာ – ရေးသားသည်

### ဆက်ဆံရေး ကောင်းမွန်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုနိုင်



*လူမှုဆက်ဆံရေး ကောင်းမွန်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။*

*အကျိုးရှိ*

*အားလပ်ချိန်များတွင် မိတ်ဆွေများ၊ သားသမီးများ၊ ဇနီး၊ ခင်ပွန်းတို့နှင့် အေးချမ်းစွာ ပြောဆိုဆွေးနွေးခြင်းများသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို ကြီးမားစွာ အထောက်အကူပြုစေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။*

*ပိုမို*

*ကျန်းမာရေးအတွက် ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်အလေးချိန်လျှော့ချခြင်းတို့ထက် မိမိပတ်ဝန်းကျင်ရှိ လူများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆက်ဆံနေထိုင်ခြင်းက*

စာမျက်နှာ ၃ ကော်လံ ၂ *

## မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲတို့ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ ဖော်ဆောင်ရေး ရွေ့ခရီးမှာ ပထမတာထွက်ခြေလှမ်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်က ရရှိနေတဲ့ လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့မှ နောက်ပြန်လန်မကျဘဲ ငြိမ်းချမ်းစွာ ဒီမိုကရေစီ ဖြစ်ပေါ်လာရေးမှာ ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်ရေးဟာ အဓိကဖြစ်တဲ့အတွက် မဲပေးပိုင်ခွင့်ရှိသူပြည်သူအားလုံးက မပျက်မကွက် မဲပေးကြရေးဟာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးလိုလားတဲ့ ပြည်သူတိုင်းရဲ့ တာဝန်သာဖြစ်ပါတယ်။

ကျော်မြင့်နိုင်၏ ၂၀၁၀ ရွေးကောက်ပွဲရဲ့သရုပ်မှန်နဲ့ ပြည်သူ့တာဝန်ဆောင်းပါး (စာ-၈၊ ၉)